The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0026 ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်




# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်

# ကချင်ပြည်နယ် လယ်ယာကဏ္ဍဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော်၊ ဇန်နဝါရီ ၉

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရန် ကချင်ပြည်နယ်တွင်ရောက်ရှိနေသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဇန်နဝါရီ ၈ ရက်နေ့ တွင် မြစ်ကြီးနားမြို့ ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး က စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုနှင့် ကျန်းမာရေး ဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာမေးမြန်းပြီး နိုင်ငံ့ဝန်ထမ်းဥပဒေစည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရန်၊ မိမိတို့ တာဝန်ယူထားကြသည့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများတွင် ကြုံတွေ့ရတတ်သည့် အခက်အခဲ နှင့်စိန်ခေါ်မှုများကို ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ လိုအပ်ပါက ပြည်နယ်အစိုးရ နှင့် မိမိဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက် ဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ငါးမွေးကန်အမျိုးအစားများ...... စာ-၁၄

ကင်းပုစွန်၏သဘာဝနှင့်အသုံးဝင်ပုံ.... စာ-၈

# အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်း



နေပြည်တော်၊ ဇန်နဝါရီ ၁၁

ဈေးကွက်လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေးအတွက် ဇန်နဝါရီ ၁၀ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ Two Rivers Company Limited သို့ ရောက်ရှိရာ တာဝန်ခံမှ အရည်အသွေးမြင့် ငါး၊ ပုစွန် ပြုပြင်အေးခဲ၍ SAUDI, CHINA, DUBAI, UAE, VIETNAM, OMAN, DOHA QATAR နိုင်ငံများသို့ တင်ပို့နေမှုများကို ရှင်းလင်းတင်ပြပြီး ငါး၊ ပုစွန် ပြုပြင်အေးခဲ ထုတ်ပိုးနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ အလားတူ MSL Industries Co., Ltd ဒိန်းမတ်နိုင်ငံမှ အဆင့်မြင့်အေးခဲခြင်း နည်းပညာဖြင့် SAUDI, CHINA, KOREA, MALAYSIA, INDIA နိုင်ငံများသို့ တင်ပို့နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဈေးကွက် လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ငါးမွေးမြူရေး အလေ့အကျင့်ကောင်း Best Aquaculture Practice(BAP) စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မိမိတို့အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီ လိုက်နာ ကျင့်သုံးကြရန်လိုကြောင်း၊ မွေးမြူသည်မှ ကုန်ချော ထုတ်လုပ်သည် အထိ လုပ်ငန်းစဉ် အဆင့်တိုင်းတွင် တင်သွင်းနိုင်ငံများမှ ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ နှင့်အညီ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ် ကင်းရှင်းသော ရေထွက်ကုန် အေးခဲပစ္စည်းများ တင်ပို့နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ အင်းစိန်မြို့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ဆေးကုသိပ္ပံ သို့ရောက်ရှိပြီး ကျောင်းသား / ကျောင်းသူများနှင့် တွေ့ဆုံ၍ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်မည့် အရည်အချင်းပြည့်ဝသည့် တိရစ္ဆာန်ဆေးကုအလယ်အလတ် ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိရစ္ဆာန် ကူးစက်ရောဂါများနှင့်တိရစ္ဆာန်မှလူသို့ကူးစက်တတ်သော ရောဂါများ တားဆီးကာကွယ်ထိန်းချုပ်ရေးတို့နှင့် လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာနိုင်သည့် အတွေ့အကြုံကောင်းများကိုလည်း ဆက်လက်လေ့လာကြရန်မှာကြားပြီး အာဟာရ ဖြည့်စွက်စာများ ပေးအပ်သည်။

ထို့နောက် လှိုင်သာယာစက်မှုဇုန်ရှိ Mega Marine Frozen Seafood Co.,Ltd / Hlaing Htate Khaung Cold Store & Processing Plant နှင့် Shwe Myinn Company Limited အအေးခန်းစက်ရုံများသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံအသီးသီးတို့က ငါး/ပုစွန် ပြုပြင်အေးခဲခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် USA, UK, Canada, Singapore, DUBAI, UAE, သို့တင်ပို့နေမှု SAUDI နိုင်ငံသို့ အဓိကတင်ပို့နိုင်ရန်အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ထုတ်ကုန်များ၏ အရည်အသွေးနှင့် အာမခံချက်ပြည့်ဝသည့် ထုတ်ကုန်ဖြစ်စေရန်အတွက် စက်ရုံအနေဖြင့် တင်ပို့မည့် နိုင်ငံများ၏ လိုအပ်ချက်အရ ငါးမွေးမြူရေး အလေ့အကျင့်ကောင်း Best Aquaculture Practice (BAP) စနစ်အားလည်း အကောင် အထည်ဖော်ဆောင်ရွက်ပြီး ထုတ်လုပ်မှုကဏ္ဍအလိုက် (BAP) စနစ်ကို ကျွမ်းကျင်နားလည်သော ဝန်ထမ်းများဖြစ်စေရေး လေ့ကျင့်ပေးရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး စက်ရုံများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

MOALI

# အညာပုန်းရည်ကြီးလုပ်ငန်း ပြန်လည်ကောင်းမွန် အောင်မြင်လျက်ရှိ

အညာဒေသ၏ ရိုးရာအစားအစာတစ်မျိုးဖြစ်သည့် ပုန်းရည်ကြီး (အချဉ်ဖောက်ထားသည့် ပဲပိစပ်အနှစ်) ရောင်းချမှုလုပ်ငန်းသည် တဖန်ပြန်လည်ကျယ်ပြန့်လာပြီဖြစ်သည်။ ပုန်းရည်ကြီးအား လက်ဆောင်ပေးရန်နှင့် ပြန်လည်ရောင်းချရန်အတွက် ညောင်ဦးမြို့နယ်တွင် ပုန်းရည်ကြီး ကြိုတင်မှာယူမှုများ မြင့်တက်လျက်ရှိသည်။

ပုန်းရည်ကြီးသည် လူကြိုက်များသဖြင့် ဝယ်ယူစားသုံးမှု မြင့်တက်



လျက်ရှိကြောင်း၊ ပုန်းရည်ကြီးသည် အညာဒေသ၏ အမှတ်တရပစ္စည်းအဖြစ် ထင်ရှားကြောင်း၊ မကွေးတိုင်း ဒေသကြီးမှလည်း ထုတ်လုပ်လျက်ရှိကြောင်း၊ ၎င်းတို့ဒေသမှ ထွက်ရှိသည့် ပုန်းရည်ကြီးကို ပြည်ပမှ မှာယူမှုများလည်းရှိကြောင်း၊ စားသုံးရန်နှင့် အညာဒေသစာအဖြစ် လက်ဆောင်ပေးရန် မှာယူမှုများလည်းရှိကြောင်း ညောင်ဦးမြို့နယ် အညာဒေသ ရိုးရာစားသောက်ကုန်ဖြန့်ဖြူးသည့် လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ပုန်းရည်ကြီးဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသော်လည်း အရောင်းအဝယ်မြင့်တက်လျက် ရှိသောကြောင့် ၂၀၂၃ ခုနှစ်မှစတင်ကာ ပုန်းရည်ကြီးလုပ်ငန်း ဆောင်ရွက်သူ များပြားလာကြောင်း ညောင်ဦးမြို့နယ် ငါ့သရောက်ဒေသရှိ ဆည်ရွာမှ ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများထံမှ သိရှိရသည်။

ငါ့သရောက်ဒေသထွက် ပုန်းရည်ကြီး အနံ့အရသာမှာ သိသိသာသာ ထူးခြားကောင်းမွန်ပြီး လူကြိုက်များကြောင်း ပုန်းရည်ကြီး သုံးစွဲချက်ပြုတ်သည့် ခေါက်ဆွဲကြော်၊ ထမင်းကြော်နှင့် ထမင်းသုပ်ရောင်းချသူ ဆိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ပုန်းရည်ကြီးကို ကြက်သား၊ ဝက်သားဖြင့် ရောနှောချက်ပြုတ်ကြော်လှော်သည့် ကြက်/ဝက် ပုန်းရည်ကြီး ခေါက်ဆွဲကြော်၊ ကြက်/ဝက် ပုန်းရည်ကြီး ထမင်းကြော်၊ ကြက်/ဝက် ပုန်းရည်ကြီး ထမင်းသုပ် စသည်ဖြင့် အမျိုးအမည် စုံလင်စွာ ရောင်းချလျက်ရှိကြောင်း၊ ၎င်း၏ စားသုံးသူ အများစုမှာ ပုန်းရည်ကြီး အထူးနှစ်သက်သူများဖြစ်ကြောင်း၊ ပုန်းရည်ကြီးသည် ဝက်သားနှင့် တွဲဖက် စားသုံးပါက ပိုမိုလိုက်ဖက်ကာ အရသာ ပေါ်လွင်ပြည့်စုံကြောင်း၊ လူအများစုသည် ဝက်သား ပုန်းရည်ကြီးဟင်းကိုလည်းကောင်း၊ အချို့မှာ ပုန်းရည်ကြီးသုပ်ကိုလည်းကောင်း၊ အချို့မှာ အကြော် အလှော်များ

စာ -၁၅ သို့

# ၂၀၂၅ ခုနှစ် ဇန်နဝါရီ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင်ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်၊ မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နှစ်ရက် မှ သုံးရက်ခန့်နှင့် နေပြည်တော် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် တစ်ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ကာ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ဧရာဝတီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊သပိတ်ကျင်းမြို့ ၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့ ၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့ နှင့် ဇလွန်မြို့ တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ကလေးမြို့၊ မင်းကင်းမြို့၊ကနီမြို့နှင့်မုံရွာမြို့တို့ကွင် ပေ၀က်မှတစ်ပေခန့်လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့် ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့ တွင်ပေ၀က်ခန့်၊စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင်ပေ၀က်ခန့်စီ၊ ရွှေကျင် မြစ်ရေသည် ရွှေကျင်မြို့တွင် ပေ၀က်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင်ပေ၀က်ခန့်၊ငဝန်မြစ်ရေသည်ငါးသိုင်းချောင်းမြို့၊သာပေါင်း မြို့နှင့်ပုသိမ်မြို့တို့တွင် ပေ၀က်မှတစ်ပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထိကျဆင်းစေနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က် ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့်ပဲခူးမြို့ တို့တွင်ပေ၀က်မှ တစ်ပေခန့်နှင့်ဘီးလင်း မြစ်ရေသည် ဘီးလင်း မြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

စာ-၁၁ မှ

နှစ်အတွင်း ခါရစ်စပါးအထွက် နှုန်းသည် တန်ချိန် ၁၁၉ ဒသမ ၃၄ သန်းရှိကာ၊ ယခင်နှစ်ကာလတူက တန်ချိန် ၁၁၃ ဒသမ ၂၆ သန်း သာ ထွက်ရှိသည့်အတွက် စံချိန်တင် တိုးတက်လာခဲ့ကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားများ ဖူလုံရေးဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) နှင့် The trade တို့မှ ယခုနှစ်သီးနှံရာသီအတွက် အိန္ဒိယနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို တန်ချိန် ၁၃၇ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ ဆန်ကုန်သေတ္တာ ၅၀၀ ခန့်သည် မလေးရှားနိုင်ငံ Pasir Gudang ဆိပ် ကမ်း၌ ရွေးယူမည့်သူမရှိပဲ ပိတ်မိလျက်ရှိကြောင်း၊ ဆန်ဈေးနှုန်းများ ရုတ်တရက်ကျဆင်းခဲ့သည့်အတွက် ဆန်ဝယ်သူများက လက်ခံရန် ငြင်းပယ်ခဲ့သည့်အတွက် ယင်းသို့ ဆိပ်ကမ်း၌ ပိတ်မိလျက်ရှိ နေကြောင်း Prakash က ပြောကြားခဲ့သည်။ ထို့ကြောင့် ဆန်တင်ပို့သူများအနေဖြင့် အဆိုပါ ဆန်များကိုရရာဈေးနှုန်းဖြင့် ရောင်းချသွားရန်ရှိပြီး၊ ယင်းအချက်ကလည်း ဆန်ဈေးကွက်အပေါ် ဖိအားတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ ဆန်အနည်းငယ်သောပမာဏကိုတင်ပို့ ရောင်းချထားပြီးဖြစ်ကြောင်း၊ အာဖရိကဖက်မှ ဆန်ဝယ်လိုအားကောင်းမွန်လျက်ရှိပြီး၊ ယခုအခါ ယင်းသို့တင်ပို့မည့် ဆန်သင်္ဘော ၁၈ စီးမှာ Kakinada ဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီဖြစ်ကြောင်း အိန္ဒိယ ဆန်တင်ပို့ ရောင်းချသူများအသင်း (TREA) ၏ ဥက္ကဋ္ဌ Rao ပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၁ သန်းအား အမျိုးသားသမဝါယမပို့ကုန်လီမိတက်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ရောင်းချသွားရန်ရှိကြောင်းအိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနဝန်ကြီး Shivraj Singh Chouhan က ပြီးခဲ့သည့် သီတင်းပတ် က ပြောကြားခဲ့သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (The Food and Agriculture Organisation -FAO) ကလည်း ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ကောင်းထွဋ်အောင်

The Hindu Businessline, Global rice prices drop over 5% on slack demand, ample supplies, January 09, 2025



# လယ်ယာကဏ္ဍဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်အဟုန်မြှင့်တင်ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၁၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဇန်နဝါရီ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေ ၂၆၀ ဒသမ ၇၀ ဧက ဖော်ထုတ်ခြင်း စီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရေးနှင့် အချိန်မီစိုက်ပျိုးနိုင်စေရေး ဆွေးနွေးမှာကြားသည်။**

ဇေယျာသီရိမြို့နယ် ရေဆင်းဆည်ရေသောက် ပင်လောင်းလမ်းဆုံ၊ အရှေ့မြောက်ဘက် အောင်ဇေယျ၊ မအူတော၊ သက်နှင်းအင်း ကျေးရွာအုပ်စုများမှ တောင်သူ ၉၀ ဦးပိုင်ဆိုင်သည့် လယ်မြေ ၂၆၀ ဒသမ ၇၀ ဧကကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ပေးလျက်ရှိရာ ယနေ့အထိ လုပ်ငန်းအားလုံး၏ ၃၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့မှတဆင့် ဒုတိယဝန်ကြီး သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ၅၈ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ သို့တက်ရောက်ပြီး စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး၊ ဘေးကင်းလုံခြုံစေရေး၊ ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်အမယ်စုံကို ရာသီမရွေးစိုက်ပျိုးကြရန်၊ မိရိုးဖလာ စားသုံးနေကြသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းအသွင် အိမ်ခြံဝင်းဥယျာဉ်အသွင်စိုက်ပျိုးကြရန်၊ တောင်သူများအတွက် အစားအစာစီးပွားရေးနှင့် ကျန်းမာရေး အတွက် အရေးကြီးသည့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ခြင်းကို တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်းရန် လိုအပ်ချက်များ၊ စိုက်ပျိုးရာသီအတွင်း တောင်သူများ ရင်ဆိုင်ကြုံတွေ့ကြရသည့် အခက်အခဲများ ဖြေရှင်းပေးနိုင်ရန် သုတေသီများ ပညာရှင်များက ကြိုးပမ်းကြရန်၊တိုင်းဒေသကြီး ပြည်နယ်အားလုံး စိုက်ပျိုးကဏ္ဍ တစ်ပြိုင်နက်တည်းဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် စီမံခန့်ခွဲရေး၊ စည်းရုံးရေး၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို စိုက်ပျိုးပညာရှင်များက စနစ်တကျ စီမံဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ဆွေးနွေး ပြောကြား သည်။

ယနေ့ကျင်းပသည့် ၅၈ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်မှ တောင်သူနှင့်ဝန်ထမ်းများ တက်ရောက် ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက Zoom point ၃၁ point မှ တက်ရောက်ခဲ့ကြကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် ဟင်းသီးဟင်းရွက်သုတေသနများနှင့် ပတ်သက်၍ သက်ဆိုင်ရာသုတေသီများ ပညာရှင်များက ရှင်းလင်းတင်ပြကြသည်။ ဆွေးနွေးပွဲတွင် တောင်သူများက ခရမ်းချဉ်၊ ကြက်သွန်နီ၊ ငရုတ်မျိုးများနှင့် ပတ်သက်၍ သိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေး ခန်းမတွင် ပါမောက္ခဌာနမှူးများ၊ ပညာရှင်ဆရာ ဆရာမများ အား တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးနည်းပညာပေးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် တက္ကသိုလ်မှ ပညာရှင်ဆရာ ဆရာမများ က Webinar များဖြင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ်များတွင်တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပညာရှင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးကိုတက္ကသိုလ်ရာပြည့်အလွန်ကာလ ဆောင်ရွက်ချက်အဖြစ် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်း ဆွေးနွေး ခဲ့ကြကြောင်း သတင်း ရရှိသည်။

**MOALI**

# ယခုနှစ်တွင် ကိုရီးယားမျိုးကန်စွန်းဥကို လူကြိုက်များလာကြောင်းတွေ့ရှိရ

**ကို**ရီးယားကန်စွန်းဥ (ကန်စွန်းဥဖြူ) သည် ပြည်တွင်းဈေးကွက်တွင် မကြာသေးမီက လူကြိုက်များခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးမှ မှာယူမှုအများဆုံးဖြစ်သည်ကို တောင်ကြီးမြို့နယ်၏ ကုန်သည်များထံမှ သိရှိရသည်။

ဟိုပုန်းဒေသတွင် အဓိက စိုက်ပျိုးကြသည့် ၎င်းကိုရီးယားမျိုးစိတ်ကန်စွန်းဥမျိုးများသည် အဝါရောင် ကန်စွန်းဥနှင့် ခရမ်းရောင် ကန်စွန်းဥများထက် ပို၍နူးညံ့သည်ဟုဆိုသည်။

၎င်းကန်စွန်းဥသည် ကိုရီးယားမျိုးဖြစ်ပြီး ဟိုပုန်းတွင် အဓိကထားစိုက်ပျိုးသည်။ ယခင်နှစ်က ကိုရီးယား ကန်စွန်းဥစိုက်ခင်းသည် အဝါရောင်နှင့် ခရမ်းရောင် ကန်စွန်းဥများလောက် ပမာဏ များများစားစားမရှိခဲ့သလိုလူကြိုက်လည်းမများသေးကြောင်းတွေ့ ရှိရပါသည်။ သို့သော် ဈေးနှုန်းမှာ အဝါရောင် ကန်စွန်းဥနှင့် ခရမ်းရောင် ကန်စွန်းဥများထက် ဈေးနှုန်းပိုများလာခဲ့ပါသည်။ ဝယ်ယူ စားသုံးမှု အများဆုံးမှာ ရန်ကုန်ဖြစ်လာပြီး၊ ယခုအချိန်တွင် ဈေးကွက်အတွင်း လူကြိုက်များလာပြီး စားသုံးသူ အရေအတွက်လည်းမြင့်တက်လာသည်" ဟု တောင်ကြီးမြို့နယ်မှ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ လက်လီ လက်ကား ဖြန့်ဖြူးသူ မစန္ဒီတာရာက ပြောကြားသည်။

ပြီးခဲ့သည့် နှိုဝင်ဘာလအတွင်း ဒေသထွက် ကန်စွန်းမျိုးစိတ်များကို တာချီလိတ်၊ မြိတ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မှာယူမှုများရရှိပြီး အဝါရောင် ကန်စွန်းဥနှင့် နှိုင်းယှဉ်ပါက ခရမ်းရောင် ကန်စွန်းဥကို အဓိကအားဖြင့် သရေစာပြုလုပ်ရာတွင် အသုံးပြုသောကြောင့် ကုန်သွယ်မှုတိုးလာကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/245763-2/





# မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နေပြည်တော်၊ ဇန်နဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၏ နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း စုဝေးဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမှာစကားပြောကြားရာတွင် သုံးနှစ်တာကာလအတွင်း စာတွေ့ သင်ယူခဲ့ကြသည့် နည်းပညာများနှင့် လက်တွေ့ကွင်းဆင်း လေ့လာခဲ့ခြင်းမှရရှိသည့် အသိပညာ၊ အတတ်ပညာများကိုစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် အလယ်အလတ်ပညာရှင်များ အဖြစ် ဆတက်ထမ်းပိုးတိုးတက်အောင် စွမ်းဆောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေးတက္ကသိုလ်ပညာနှင့် ဘွဲ့လွန် အဆင့်မြင့်ပညာရပ်များကို ကြိုးစား သွားကြစေလိုကြောင်း၊ နိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာ စိုက်ပျိုးရေးစနစ်၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းပညာရပ်တို့ဖြင့် ဘက်စုံရှုမြင်သုံးသပ်ပြီး အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တန်းစဥ်အလိုက် စုစုပေါင်း ရမှတ်အများဆုံးဆုရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ ကျောင်းဆင်း မောင်မယ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက်ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့ကျင့်ဆောင်ရွက်ထားသည့် သီးနှံစိုက်ခင်းများ၊ မွေးမြူရေးခြံများနှင့်ငါးကန်များကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပွင့်ဖြူမြို့နယ်၊ လယ်လုကုန်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၆) စက်မှုလယ်ယာစခန်းတွင် ကျင်းပပြုလုပ်သည့် ကောက်ရိုးထုံးစက် (Round Baler) နှင့် ကောက်ရိုးဖြတ်စက် Mower (Rotary Mulcher) သရုပ်ပြပွဲကို တက်ရောက်အားပေးသည်။

ထိုမှတဆင့် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မင်းဘူးမြို့နယ် မန်းကျိုး ကျေးရွာအုပ်စုရှိ ဆောင်းနေကြာ ဧက ၁၀၀ စံပြစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ ဒေသရေမြေနှင့်သင့်တော်ကိုက်ညီသည့် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သီးနှံများစိုက်ပျိုးရာတွင် လိုအပ်သည့် ဖြည့်စွက်ရေအသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်အပါအဝင် သွင်းအားစုများ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးနည်း စနစ်များ မှန်ကန်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူအစုအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး နှင့်ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လက်ရှိကာလအတွင်း ရေလှောင်တမံများသည် ရေပမာဏ လုံလောက်စွာ သိုလှောင်ထားနိုင်သဖြင့် နွေစပါးနှင့် အခြားသီးနှံများ ပိုမို တိုးချဲ့ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင် အထွက်နှုန်း ရရှိနိုင်ရေး၊ နှမ်းသီးနံ စိုက်ပျိုးရာတွင် ဘောင်ကြီးတင် စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ ရေသွင်းရေထုတ် နည်းစနစ်များ အသိပညာ ပေးနိုင်ရေး၊ တောင်သူများ အတွက် တွက်ချေကိုက်မည့် ဈေးရရှိနိုင်ရေး နည်းစနစ်များ ရှာဖွေ ဖော်ထုတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းဇယားမှန်ကန်ရေး၊ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲမှု ကွင်းဆက်တစ်လျှောက် လိုအပ်သည့် အခက်အခဲများ နှင့် ဒေသအတွင်း မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **MOALI**

---

# ကောက်ရိုးမှိုစိုက်ပျိုးသူများပြားလာသဖြင့် ထုတ်လုပ်မှုပမာဏ တိုးမြင့်လာ

ယခုဆောင်းရာသီတွင် ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်သူအရေအတွက်များပြားလာသဖြင့် ကောက်ရိုးမှိုထုတ်လုပ်မှုပမာဏ တိုးမြင့်လာခဲ့သည်။ စားသုံးမှိုများထဲတွင် ကောက်ရိုးမှို ရောင်းဝယ်ရေးမှာ အကြီးမားဆုံးလုပ်ငန်းဖြစ်ပြီး အများအားဖြင့် ဆောင်းရာသီတွင် ကောက်ရိုးမှို ထုတ်လုပ်မှု ပမာဏမှာ များပြားသည်။

“လက်ရှိတွင် ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်သူအရေအတွက်မှာ တိုးလာလျက်ရှိပါသည်။ မှိုများထဲတွင် ကောက်ရိုးမှိုအား စားသုံးမှုပမာဏမှာ အများဆုံးဖြစ်ပြီး ယခုလက်ရှိတွင် ဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိပါသည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများသည့်အတွက် ကောက်ရိုးမှို ထုတ်လုပ်မှုပမာဏမှာ အလွန်မြင့်မားလျက်ရှိပါသည်။ ဆောင်းရာသီတွင် ကောက်ရိုးမှိုထုတ်လုပ်မှုမှာ အများအားဖြင့် မြင့်မားလျက်ရှိကြောင်း” တိုက်ကြီးမြို့နယ်မှ ကောက်ရိုးမှို စိုက်ပျိုးသူ ကိုအောင်ဝင်းက ပြောကြားသည်။

မန္တလေးတွင် အောက်တိုဘာလ၌ ကောက်ရိုးမှို ရောင်းချမှုသည် ငွေနှင်းမှိုရောင်းချမှုထက် ပိုမိုမြင့်မားသော်လည်း ကောက်ရိုးမှိုစိုက်ပျိုးရန်အတွက် ကုန်ကြမ်းပစ္စည်း ရှာဖွေရန် အခက်အခဲရှိသဖြင့် ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်သူ အရေအတွက်မှာ ပိုမိုများပြားသည်။

“ကျွန်တော်တို့အနေဖြင့် အဆိုပါမှိုနှစ်မျိုးလုံးကို စိုက်ပျိုးကြပါသည်။ သို့သော် ယခုတွင် ကောက်ရိုးမှိုစိုက်ပျိုးသည့်နည်းစနစ်များမှာ အနည်းငယ် ပြောင်းလဲလျက်ရှိပါသည်။ ငွေနှင်းမှို ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပြီး ဆက်လက်၍လည်း ကျဆင်းသွားဖွယ်ရှိပါသည်။ သို့သော် ယခုအချိန်တွင် ကောက်ရိုးမှိုအရောင်းအဝယ်မှာအလွန်ကောင်းလျက်ရှိကြောင်း” ကိုအောင်ဝင်းက ဆက်လက်ပြောကြားသည်။

ကောက်ရိုးမှိုသည် မြန်မာနိုင်ငံတွင် စားသုံးမှုအများဆုံးမှိုတစ်မျိုးဖြစ်ပြီး အကြီးမားဆုံး ဈေးကွက်ရှိကြောင်း သိရှိရသည်။ **နွေးနွေးအောင်**

https://www.gnlm.com.mm/245921-2/



# ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်း (B40) အစီအစဉ်အတွက် ဆီအုန်းပို့ကုန် အခွန် ၁၀ ရာခိုင်နှုန်းသို့ အင်ဒိုနီးရှား တိုးမြှင့်သတ်မှတ်မည်

**အင်**ဒိုနီးရှားအစိုးရသည် ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်း (B40) ထုတ်လုပ်မည့် အစီအစဉ်အတွက်ငွေကြေးထောက်ပံ့မှုတစ်ခုအနေဖြင့် စားအုန်းဆီကြမ်း တင်ပို့ရာတွင် ပို့ကုန်အခွန် တိုးမြှင့်ကောက်ခံ ရန် စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။ B40 မှာ လောင်စာဆီ ၆၀ ရာခိုင်နှုန်းနှင့် စားအုန်းဆီကြမ်းမှ ထုတ်လုပ်ရရှိသည့် ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်းရောနှောထားသည့် ဇီဝဒီဇယ် ဖြစ်သည်။

စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က "အစိုးရသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှစ၍ အကောင်အထည်ဖော်မည့် B40 အစီအစဉ်အတွက် ရန်ပုံငွေ လုံလောက်ရန် စားအုန်းဆီ ကြမ်းတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန်ကို ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်၍ စိုက်ပျိုးမှုရန်ပုံငွေ စီမံခန့်ခွဲရေးဘုတ်အဖွဲ့က တာဝန်ယူကောက်ခံသွားမည်ဖြစ်ကြောင်း၊ B40 အစီအစဉ်အတွက် ရန်ပုံငွေကို စိုက်ပျိုးမှုရန်ပုံငွေစီမံခန့်ခွဲရေးဘုတ်အဖွဲ့ထံမှ ရယူမည်ဖြစ်ကြောင်း၊ ပြန်လည်သန့်စင်ထားသည့် စားအုန်းဆီကဲ့သို့သော ကုန်စည်များအတွက် ပို့ကုန်အခွန် ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် စားအုန်းဆီ ကြမ်းအတွက် ပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း" ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့က ဂျာကာတာမြို့တွင် ပြောကြားသည်။ ပို့ကုန်




အခွန်အသစ်သတ်မှတ်မှုမှာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းထွက်ရှိပြီးနောက်တွင်စတင်အသက်ဝင်မည်ဖြစ်သည်။ စီးပွားရေးရာညှိနှိုင်းရေး ဝန်ကြီးဌာန၏ အစားအသောက်နှင့် လယ်ယာစီးပွားရေးညှိနှိုင်းရေးဌာန ဒုတိယခေါင်းဆောင် Dida Gardera က "၂၀၂၅ ခုနှစ်၊ နှစ်ကုန်အထိ B40 အစီအစဉ်အကောင်အထည်ဖော်မှုအတွက် ရန်ပုံငွေလုံလောက်ကြောင်း" ပြောကြားသည်။

ဆီအုန်းလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်အခွန်တိုးမြှင့်မှုသည် စားအုန်းဆီကြမ်းနှင့် ဆက်စပ်ကုန်စည်များတင်ပို့မှုအပေါ် ဆိုးကျိုးသက်ရောက်မည်ကို စိုးရိမ်နေကြပါသည်။ အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က "စားအုန်းဆီကြမ်း တင်ပို့မှုအတွက် ပို့ကုန် အခွန် ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းစေကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ကျဆင်းပြီး ပြန်လည်စိုက်ပျိုးသည့်အစီအစဉ်အတွက် ကုန်ကျစရိတ်မြင့်တက်ခြင်းသည် ပို့ကုန်အခွန်တိုးမြှင့်ရန် လိုအပ်ရသည့် နောက်ခံအကြောင်းအရင်းများဖြစ်ကြောင်း၊ စိုက်ပျိုးမှုရန်ပုံငွေစီမံခန့်ခွဲရေး ဘုတ်အဖွဲ့က ကောက်ခံသည့် ရန်ပုံငွေကျဆင်းခြင်းကြောင့် ဇီဝဒီဇယ်အတွက် ထောက်ပံ့ရန်ပုံငွေမှာ အကန့်အသတ်ဖြစ်နေကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည့်ရန်ပုံငွေအတွက် စားအုန်းဆီကြမ်းပို့ကုန်အခွန်ကို တိုးမြှင့်ကောက်ခံရန် လိုအပ်လာခြင်းဖြစ်ကြောင်း" ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် B40 အစီအစဉ်ကို ၂၀၂၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ရန် ရန်ပုံငွေလုံလောက်မှုရှိစေရေး၊ တစ်ဖက်တွင် အဆိုပါအစီအစဉ်အတွက် ကုန်ကြမ်းလုံလောက်မှု ရှိစေရေး ပို့ကုန်အခွန်တိုးမြှင့်ကောက်ခံသည့် နည်းလမ်းအသုံးပြုခြင်းဖြစ်ကြောင်း သိရှိရသည်။

**သွယ်သွယ်ဆုတင်**

Indonesian Palm Oil Association

# ဥရောပအာရှစီးပွားရေးသမဂ္ဂနှင့် အင်ဒိုနီးရှားတို့အကြား FTA သဘောတူညီချက်စာချုပ် ၂၀၂၅ ခုနှစ်တွင် လက်မှတ်ရေးထိုးမည်

**ဥ**ရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) နိုင်ငံတို့ကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ(Free Trade Agreements- FTA)ကို ၂၀၂၅ ခုနှစ်တွင် လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim Reshetnikov က ရုရှားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံစုံကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် ဝန်ကြီးဌာန၏ အဓိကကျသောလုပ်ငန်းနယ်ပယ် ဖြစ်ကြောင်း၊ FTA သည် နိုင်ငံ၏ ပို့ကုန်တင်ပို့မှုလမ်းကြောင်းသစ်ကို ရရှိမည်ဖြစ်ပြီး လိုအပ်သော သွင်းကုန်များကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ယင်းအပြင် နိုင်ငံခြားကုန်သွယ်မှုတွင် အချို့နိုင်ငံများအပေါ်မှီခိုနေရခြင်း၏ အန္တရာယ်အလားအလာများကို လျှော့ပါးစေရန်ဖြစ်ကြောင်း၊ UAE၊ အင်ဒိုနီး ရှားတို့နှင့် FTA စေ့စပ်ညှိနှိုင်းမှုများသည် ပြီးဆုံးပြီဖြစ်၍ လာမည့်နှစ်တွင် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးပြီးပါက ပို့ကုန်ပမာဏများ တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း၊ လက်ရှိတွင် EAEU သည် လွတ်လပ်သောဓနသဟာယနိုင်ငံများ(CIS)၊ ဗီယက်နမ်၊ ဆားဘီးယားနိုင်ငံတို့နှင့် FTA ကုန်သွယ်မှုစနစ်များ ရှိနေကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် EAEU နှင့် ဗီယက်နမ်တို့အကြား FTA စာချုပ်စတင်အသက်ဝင်ခဲ့ပြီးနောက် ရုရှား-ဗီယက်နမ် ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာ တိုးတက်လာကာ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉၀ ရာခိုင်နှုန်းနီးပါး ပိုများခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနှင့် FTA စေ့စပ်ညှိနှိုင်းမှုများ စတင်ရန် ဆုံးဖြတ်ချက်ကို ၂၀၂၂ ခုနှစ်၊ မေ တွင် Supreme Eurasian Economic Council မှ





ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပထမ၊ ဒုတိယနှင့် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ်၊ ဧပြီ၊ ဇူလိုင်နှင့် ဒီဇင်ဘာတို့တွင် အသီးသီးကျင်းပခဲ့သည်။ စတုတ္ထအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၂၄ မတ်လတွင် ကျင်းပခဲ့ပြီး ပဉ္စမအကြိမ်ကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်တွင် အင်ဒိုနီးရှားနိုင်ငံ၊ Batu မြို့၌ ကျင်းပခဲ့သည်။

UAE နှင့် FTA စေ့စပ်ညှိနှိုင်းမှုများ စတင်ရန် ဆုံးဖြတ်ချက်ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာတွင် Supreme Eurasian Economic Council မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် အတွင်းတွင် ၄ ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂၀၂၃ ခုနှစ်တွင် ရုရှား-အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံအထိ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း အဆိုပါပမာဏကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ခန့်မှန်းထားသည်။

ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ကုန်များ၊ သံနှင့် သံမဏိ၊ ဓာတ်မြေဩဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့လျက်ရှိပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်သွင်းကြောင်း သိရသည်။

လက်ရှိတွင် EAEU သည် FTA ညှိနှိုင်းဆွေးနွေးမှုများကို အင်ဒိုနီးရှားနှင့် UAE တို့အပြင် အီဂျစ်၊ မွန်ဂိုလီးယား၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://ria.ru/20241217/torgovlya-1989638361.html

# ပဲသီးနှံသစ်များ ဈေးကွက်သို့ ဝင်ရောက်လာသည့်အတွက် အိန္ဒိယတွင် ပဲစင်းငုံဈေးနှုန်းများ စတင်ကျဆင်းလာလျက်ရှိ

**အိ**န္ဒိယနိုင်ငံ Karnataka နှင့် Maharashtra ကဲ့သို့ ပြည်နယ်များတွင် ပဲသီးနှံသစ်များ ဈေးကွက်သို့ ဝင်ရောက်လာသည့်အတွက် ပဲစင်းငုံ (tur/arhar) ဈေးနှုန်းများ စတင်ကျဆင်းလာလျက်ရှိကြောင်း၊ သို့သော် အစိုးရအနေဖြင့် ၂၀၂၄ ခုနှစ်၊ ခါရစ် (မိုးရာသီ) အတွက် ပဲစင်းငုံ ၉၆၆,၅၇၅ တန်အား အနိမ့်ဆုံးပံ့ပိုး ဈေးနှုန်း (Minimum support price -MSP) သတ်မှတ်၍ ဝယ်ယူပေးမည်ဟု ကတိပြုထားကြောင်း The Hindu Businessline သတင်းဌာနက ဒီဇင်ဘာ ၂၅ ရက်က ဖော်ပြသည်။

အိန္ဒိယအမျိုးသား စိုက်ပျိုးရေးသမဝါယမ ရောင်းဝယ်ရေးအဖွဲ့ချုပ် လီမိတက် (National Agricultural Cooperative Marketing Fedra- tion of India Ltd- Nafed) ၏ တရားဝင်အင်တာနက်စာမျက်နှာ၌ အထက်ပါအတိုင်း ဖော်ပြထားကြောင်း သိရသည်။ အသေးစိတ်အားဖြင့် FAQ အရည်အသွေးရှိ ပဲစင်းငုံကို Uttar Pradesh ပြည်နယ်မှ ၃၉၅,၁၇၀ တန်ဖြင့် အများဆုံးဝယ်ယူမည်ဖြစ်ကာ၊ ၎င်းနောက် တွင် Karnataka ပြည်နယ်မှ ၃၀၆,၁၅၀ တန်အားလည်းကောင်း၊ Andhra Pradesh ပြည်နယ်မှ ၉၅,၆၂၀ တန်အားလည်းကောင်း၊ Telangana ပြည်နယ်မှ ၁၆၉,၁၄၀ တန်အားလည်းကောင်း၊ Haryana ပြည်နယ်မှ ၄၉၅ တန်အားလည်းကောင်း အစိုးရမှ အသီးသီးဝယ်ယူပေးသွားမည်ဟု သိရသည်။

၂၀၂၄ ခုနှစ်၊ ခါရစ်ရာသီအတွက် ပဲစင်းငုံ၏ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းကို ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၅၅၀ သတ်မှတ်ထားကြောင်းနှင့် ယခုအခါ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ အဓိက စိုက်ပျိုးရာ ပြည်နယ်များဖြစ်သော Karnataka၊ Maharashtra၊ Gujarat၊ Telangana နှင့် Andhra Pradesh ပြည်နယ်များရှိ လက်ကားဈေးကွက် (mandi) များသို့ ပဲစင်းငုံ သစ်များ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

Karnataka ပြည်နယ်ရှိ Koppal နှင့် Bijapur ခရိုင် ဈေးကွက်များတွင် ဒီဇင်ဘာ ၂၄ ရက် နေ့၌ ဖြစ်ပေါ်လျက်ရှိသော ပဲစင်းငုံ၏ ရည်ညွှန်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၇,၃၀၀ နှင့် Bagalkot ခရိုင်တွင် ရူပီး ၇,၁၇၂ ဖြင့်လည်းကောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၄ ရက်က Latur ခရိုင်တွင် ရူပီး ၇,၈၀၀ နှင့် Dudhani ခရိုင်ဈေးကွက်တွင် ရူပီး ၇,၆၄၈ အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံကို ဧရိယာတိုးချဲ့စိုက်ပျိုးခဲ့သော တောင်သူများအနေဖြင့် ရာသီဥတု ဖောက်ပြန်မှုနှင့် မှိုရောဂါကျရောက်မှုစသည့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ခဲ့ရကာ ရိတ်သိမ်းချိန်တွင် ဈေးနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရသည့်အပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်နေကြကြောင်း Kalaburgi ရှိ ပဲစင်းငုံနီ စိုက်ပျိုးသူများအသင်း (Red Gram Growers Association) ဥက္ကဋ္ဌ Basavaraj Ingin က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဲစင်းငုံကို မိုဇန်ဘစ်နှင့် တင်ဇာနီးယားအပါအဝင် နိုင်ငံများအပြားမှ တင်သွင်း လျက်ရှိပြီး မွန်ဘိုင်းဈေးကွက်တွင် အဆိုပါပဲ ၁ ကွင်တယ်လျှင် ရူပီး ၆၂၀၀ မှ ၆၈၀၀ အတွင်း ရောင်း ဝယ်လျက်ရှိကြောင်း သိရသည်။အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်အရ တစ်နိုင်ငံလုံး၏ ပဲစင်းငုံ ထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၃၄ ဒသမ ၁၇ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၃၅ ဒသမ ၀၂ သိန်းသို့ အနည်းငယ်တိုးမြင့်လာမည်ဟု သိရသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အဓိက တင်ပို့ရောင်းချလျက်ရှိရာ အိန္ဒိယတွင် ပဲစင်းငုံသစ်များ ဈေးကွက်သို့ ဝင်ရောက်လာကာ ပဲဈေးနှုန်းများကျဆင်းလာခြင်းကြောင့် အဆိုပါပဲ၏ သွင်းကုန်ဈေးနှုန်းနှင့် ပမာဏအပေါ် အကျိုးသက်ရောက်မှုရှိလာဖွယ် အခြေအနေ ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Tur prices start easing with new crop arrivals, December 25, 2024



# စားတော်ပဲ လွတ်လပ်စွာတင်သွင်းခွင့် ၂၀၂၅ ဖေဖော်ဝါရီကုန်အထိ သက်တမ်းထပ်မံတိုးမြှင့်ခဲ့သည့် အိန္ဒိယနိုင်ငံ

**အိ**န္ဒိယအစိုးရသည် စားတော်ပဲ (Yellow peas) အား အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း (Minimum import price-MIP) မပါဝင်ဘဲ ဆိပ်ကမ်းကန့်သတ်ချက်မရှိ လွတ်လပ်စွာတင်သွင်းခွင့်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ သက်တမ်းထပ်မံတိုးမြှင့်ခဲ့ကြောင်း The Hindu Busine- ssline သတင်းဌာနက ယခုလ ၂၆ ရက်နေ့က ဖော်ပြသည်။

သို့သော် အဆိုပါပဲတင်သွင်းမှုအားလုံးကို အစိုးရ၏ အွန်လိုင်းသွင်းကုန်စောင့်ကြည့်ရေးစနစ်၌ စာရင်းသွင်းရန် လိုအပ်ပြီး၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့မတိုင်မီ သို့မဟုတ် အဆိုပါနေ့ အထိ ထုတ်ပေးထားသော သင်္ဘောတင်ဆောင်ခွင့် (Bill of Lading) ရရှိထားသော ပဲတင်သွင်းကုန်အားလုံးအပေါ် အဆိုပါအမိန့်အား ချက်ခြင်းအာဏာတည်စေရမည်ဟု အိန္ဒိယနိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade -DGFT) မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၄-၂၅ အရသိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းပဲမျိုးစုံလိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် စားတော်ပဲ (Yellow peas) အား လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာမှ စတင်၍ ခွင့်ပြုပေးခဲ့ပြီး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်စွဲဖြင့် နောက်ဆုံးထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၂၄-၂၅ အရ အောက်တိုဘာ ၃၁ ရက်နေ့မှ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ထားမှုအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ဆက်လက်၍ သက်တမ်းထပ်မံတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Govt: Duty-free import of yellow peas till Feb 2025, December 26, 2024



# အခွံမာကင်းပုစွန်၏ သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)



ကင်းပုစွန်အပါအဝင်ပုစွန်မျိုးစိတ်များသည်ခြေလက် ၅ စုံပါသော အခွံမာရေသတ္တဝါ(decapods crustaceans) များ ဖြစ်ကြပြီး မျိုးပေါင်းစု(Phylum) – Arthropoda, မျိုးစဥ်(Order)-Decapoda အောက်တွင် ပါဝင်ပါသည်။ ပုစွန်မျိုးစိတ်များသည် အမြီးရှည်ရှည်နှင့် မျက်လုံးပြူးသည့်ရေသတ္တဝါလည်း ဖြစ်ပေသည်။

ပုစွန်အမျိုးအစားပေါင်း မြောက်များစွာ ရှိကြပါသည်။၎င်းတို့မှာ ပုစွန်ဖြူ၊ ပုစွန်မီးနီ၊ ပုစွန်ဆိတ်၊ ပုစွန်ကျော့၊ပုစွန်ထုပ်၊ကင်းပုစွန်၊ ကျောက်ပုစွန်၊ ပုစွန်ကျား စသဖြင့် ရှိကြပါသည်။ထိုထဲတွင်မှအခွံမာရေသတ္တဝါ ကင်းပုစွန်အကြောင်းလေ့လာ တင်ပြပေးပါမည်။

ကမ္ဘာပေါ်တွင် ကင်းပုစွန်မျိုးစိတ်ပေါင်း ၄၅၀ နှင့် မြန်မာနိုင်ငံတွင် ၇ မျိုးခန့်တွေ့ရပါသည်။အရောင်အနေဖြင့် ဝါ၊စိမ်း၊နီ၊ညို၊ဖြူ၊လိမ္မော်၊ခရမ်းဖြစ်သည်။ဒေသတွင်းတွင် အစိမ်းရောင်ကို အများဆုံး တွေ့ရတတ်ပါသည်။

ကင်းပုစွန်သည် ရွှံ့နွံ ၃ ဆခန့်နှင့် သဲဆန်မြေ ၁ ဆခန့်ရှိသော ကမ်းခြေတွင်းခေါင်းထဲတွင် အများဆုံးတွေ့ရတတ်ပါသည်။ နေ့ဖက်တွင် တွင်းအောင်းနေတတ်ကြပြီး ညဖက်ရောက်မှ တွင်းပေါ်ကမ်းခြေသို့တက်ရောက်ကာ အစာရှာဖွေစားသောက်ကြကြောင်း သိရှိရပါသည်။

## ကင်းပုစွန်၏ အလေ့အထနှင့် ပြင်ပလက္ခဏာ

ကင်းပုစွန်သည် ပုစွန်မျိုးကွဲတစ်မျိုးဖြစ်၏။ "ကင်းမြီးကောက်၏အမြီးနှင့်တူသောအမြီး၊ ပုစွန်၏လက်မနှင့်တူသောလက်မ"စသည့် အင်္ဂါရပ်များ ပါဝင်သောကြောင့် ကင်း ပုစွန်ဟု အမည်ပေးထားခြင်းလည်း ဖြစ်၏။

ကင်းပုစွန်ကို ရွှံ့ထူထပ်သော ကမ်းခြေရေပြင်များနှင့် ပင်လယ်ပိုင်းတွင် တွေ့နိုင်သည်။အောက်ခြေရွှံ့တွင်းများတွင် နေလေ့ရှိသည်။အစာရှာရန်အတွက်သာ တွင်းထဲမှ အပြင်သို့ ထွက်လေ့ရှိသည်။ညဘက်တွင်မှ အစာရှာသည်။ရေအနက်ပေ ၄၀ ခန့်အထိ တွေ့နိုင်သည်။ပုစွန်၊ ကျောက်ပုစွန်တို့နှင့် ပုံစံတူသည်။ ရေကူးရန် ခြေထောက် ၅ စုံရှိသည်။ လက်တွင်ရှိသောညှပ်မှာ ကြီးမားရှည်လျားသည်။ ညှပ်အတွင်းဘက်၌ လွှသွားပုံဆူးအထစ်များရှိသည်။

ကင်းပုစွန်သည် အခွံမာကျောပြီး ထိခိုက်ပွန်းပဲ့လျှင်လည်းပြန်၍ အသားတက်နိုင်သည်။ ရေလည်းကူးတတ်၍ နောက်ပြန်ကူးရာတွင် အလွန်လျင်မြန်သည်။မြန်မာနိုင်ငံတွင် ကင်းပုစွန်များကို ပင်လယ်ကမ်းရိုးတန်းဒေသများတစ်လျှောက် တွေ့ရှိရပေသည်။အထူးသဖြင့် ရခိုင်ကမ်းရိုးတန်း၊ မြိတ်ကမ်းရိုးတန်းတို့တွင် အများအပြား ရရှိကြသည်။

## အမည်အမျိုးမျိုး မှည့်ခေါ်ပုံ

ကင်းပုစွန်ကို အင်္ဂလိပ်လို - Mantis Shrimp ဟုခေါ်ဆိုကြပြီး သိပ္ပံအမည် Harpiosquilla sp ဖြစ်ပါသည်။ မြိတ်ဒေသအခေါ်မှာ"ကန်း"ဟုသိရပြီး ရခိုင်ဒေသအခေါ်မှာ "စောင်းခြစ်" ဖြစ်သည်။

## အထီး၊အမ ခွဲခြားခြင်း

ကင်းပုစွန်အစိမ်းရောင်ကို အထီး၊ အမ ခွဲခြားဝယ်ယူကြပြီး အနီမျိုးကိုမူ အထီး၊ အမ မခွဲခြားဘဲ ဝယ်ယူကြပါသည်။ ကင်းပုစွန် အထီး၊ အမအား ပြင်ပလက္ခဏာ (External Feature) ကိုကြည့်ပြီး ခွဲခြားနိုင်သည်။ရှေ့လက်ညှပ်တိုပြီး တုတ်ခိုင်နေလျှင် အမဖြစ်ပြီး လက်ညှပ်ရှည်ပြီး သေးသွယ်နေလျှင် အထီးဖြစ်သည်။

## ကင်းပုစွန်ဖမ်းဆီးခြင်း သဘာဝ

ကင်းပုစွန်ကို ပင်လယ်ပိုင်းတွင် ရေအနက် ၃၀-၄၀ ပေခန့်တွင် တွေ့ရတတ်ပြီး စုတ်ပြဲနေသော သုံးထပ်ပိုက်အဟောင်းများအား ကင်းပုစွန်ဖမ်းပိုက်အဖြစ်အသုံးပြုကြသည်။ ကမ်းခြေသောင်ပြင်တွင်မူ လက်ဖြင့် တွင်းခေါင်းထဲကို နှိုက်၍ ဖမ်းဆီးရမိကြသည်။

ကင်းပုစွန်ကို ကျားပါးစပ်၊သုံးထပ်ပိုက်နှင့် ငါးဖမ်းကိရိယာလွတ် အနေဖြင့် တွင်းခေါင်းထဲသို့ လက်တစ်ဆုံးနှိုက်ပြီးလည်း ရှာဖွေရမိတတ်ကြသည်။ ဒီရေတောစပ်နှင့် ရွှံ့နွံတွင်းများထဲမှ လက်နှိုက်၍ ဖမ်းဆီးခြင်းဖြင့်လည်း ရမိတတ်ကြပါသည်။ နိုဝင်ဘာလမှ မေလအထိ ရမိတတ်ကြပြီး အထူးသဖြင့် ဆောင်းတွင်းဘက် အအေးများချိန်၌ ပို၍ ရမိတတ်ကြပါသည်။

မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပုစွန်ဖမ်းသည့် ရေလုပ်ငန်းကို 'ကင်းပိုက်'လုပ်ငန်းဟုလည်း ခေါ်ကြသည်။

## ကင်းပုစွန် စားဖွယ်စုံ

ကင်းပုစွန်၏ ထူးခြားချက်မှာ သာမန်ပုစွန်များထက် ပင်ကိုအဆီအနှစ်အရသာမှာ နှစ်ဆ ပိုချိုနေခြင်းဖြစ်သည်။ ကင်းပုစွန်ကို ကင်စား၊ သုပ်စား၊ပေါင်းစားကြပြီး အသားကိုအချိုကြော်စားခြင်း၊ကင်းပုစွန်မဆလာချဥ်စပ်၊ကွန်ထန်ချက်၊ မာလာပူစပ် စသဖြင့် ပြုလုပ်စားကြပြီး ခေါင်းနှင့်အခွံကိုလည်း ဟင်းခတ်အမွှေးအကြိုင်များဖြင့် စွပ်ပြုတ်ပြုတ် စားကြပါသည်။

## ကင်းပုစွန်အသုံးဝင်ပုံ

ကင်းပုစွန်သည် အသားသာမက အခွံသည်လည်း လွန်စွာအသုံးဝင်ပါသည်။ကင်းပုစွန်အခွံကို အိမ်ဧည့်ခန်းတွင် အလှဆင်ပစ္စည်းအဖြစ် ထားခြင်း၊အစည်းအဝေးခန်းမ၊ ရုံးခန်းများတွင်လည်း အလှဆင်ပစ္စည်းအဖြစ် ချိတ်ဆွဲလေ့ရှိကြပါသည်။ထို့ပြင်ဧည့်သည်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးလေ့လည်း ရှိကြသည်။

## ကင်းပုစွန်စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ကင်းပုစွန်တွင် ပရိုတင်းဓာတ်ကြွယ်ဝစွာပါရှိပြီး Selenium ဓာတ်၊ ဗီတာမင် B-12, ကယ်လ်စီယမ်, Phosphorus, ကလိုရင်း, ကော့ပါး, ဇင့်, အိုင်အိုဒင်း, ဗီတာမင် B-3, ဗီတာမင်-E,ဗီတာမင် B-6,Omega-3 အဆီဓာတ်,Pantothenic အက်ဆစ်နှင့် ဗီတာမင်-A စသည်တို့ ပါဝင်ပါသည်။

ကင်းပုစွန်စားခြင်းဖြင့်-

### ၁။ နှလုံးကျန်းမာရေးကောင်းမွန်ခြင်း

အခြားပင်လယ်စာများကဲ့သို့ ကင်းပုစွန်တွင် Omega-3 fatty acid ပါဝင်ပါသည်။ ထိုအက်စစ်ဓာတ်များသည် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပြီး နှလုံးရောဂါမခံစားရအောင် ကာကွယ်ပေးပါသည်။ ထို့ပြင် ကင်းပုစွန်တွင် ပါဝင်သော Selenium ဓာတ်သည်လည်း နှလုံးကို ထောက်ပံ့ ကူညီပေး ပါသည်။ Selenium ဓာတ်မလုံလောက်ပါက နှလုံးရောဂါဖြစ်ပွားနိုင်ပါသည်။

### ၂။ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း

ကင်းပုစွန်တွင် Selenium ဓာတ်အများဆုံးပါဝင်သောကြောင့်အဆိုပါ Selenium ဓာတ်သည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားမြစ်ပေးပါသည်။ အဆုတ်ကင်ဆာကဲ့သို့သော ကင်ဆာမျိုးကို ကင်းပုစွန်စားခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ကင်းပုစွန်တွင် ပါဝင်သော Selenium ဓာတ်ကို ခန္ဓာကိုယ်မှ အလွယ်တကူ စုပ်ယူနိုင်ပါသည်။

### ၃။ဦးနှောက်ဖွံ့ဖြိုးမှုနှင့် စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ခြင်း

ကင်းပုစွန်တွင် ပါဝင်သော Omega-3 fatty acid နှင့် ဗီတာမင် B-12 တို့သည် ဦးနှောက်နှင့် စိတ်ကျန်းမာရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပါသည်။လေ့လာမှုများအရ အိုမီဂါ-၃ ဖက်တီးအက်ဆစ်ကြွယ်ဝသော အစားအစာများကို စားသုံးသူများသည် လေဖြတ်ခြင်း၊စိတ်ဓာတ်ကျခြင်း၊ စိတ်ကျရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေနည်းပါးကြောင်း လေ့လာမှုများက ဖော်ပြသည်။

အလားတူလေ့လာမှုများအရ ဗီတာမင် B-12 ပမာဏနည်းပါးခြင်းသည် စိတ်ကျရောဂါ၊ အယ်လ်ဇိုင်းမားရောဂါနှင့် ပါကင်ဆန်ရောဂါတို့နှင့် ဆက်စပ်နေကြောင်း လေ့လာမှုများက ဖော်ပြသည်။သို့သော် အချို့သော လေ့လာမှုများအရ ဗီတာမင် B-12 ဖြည့်စွက်ခြင်းသည် dementia ဖြစ်နိုင်ခြေကို ၂၀ ရာနှုန်း လျော့ချ

စာ-၉ သို့



# ဗီယက်နမ် ဒူးရင်းသီးနှင့် ဆန်တင်ပို့မှု ၂၀၂၄ ခုနှစ်တွင် စံချိန်တင်

၂၀၂၄ ခုနှစ်တွင် ဒူးရင်းသီး၊ ဆန်၊ ကော်ဖီနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့စံချိန်တင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်း တင်ပို့မှုမှ ဝင်ငွေသည် ကန်ဒေါ်လာ ၆၂ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၈ ဒသမ ၅ ရာနှုန်း တိုးလာကာ အစိုးရက ချမှတ်ထားသည့် ကန်ဒေါ်လာ ၅၄-၅၅ ဘီလီယံကို ကျော်လွန်သွားခဲ့ပါသည်။

တင်ပို့မှုအများဆုံးမှာ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဖြစ်ပြီး အများအားဖြင့် ဒူးရင်းသီး ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၎င်းပမာဏသည် ဗီယက်နမ်သမိုင်းတွင် စိုက်ပျိုးရေးပို့ကုန်ကဏ္ဍ၌ အမြဲဦးဆောင်ခဲ့သော ဆန်တင်ပို့မှုကို ကျော်လွန်စေခဲ့သည်။ စုစုပေါင်း သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက် တင်ပို့မှုဝင်ငွေ၏ ၄၀-၄၂ ရာနှုန်း ရရှိခဲ့သည်။

ဒူးရင်းသီးမှ အမြတ်အစွန်းရရှိမှုရှိနေသော်လည်း ဆန်သည် ဗီယက်နမ်နိုင်ငံပို့ကုန်၏ အုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံနီးပါး ရရှိကာ ၂၃ ရာနှုန်း တိုးလာခဲ့ပါသည်။

ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၉ သန်းကို ပျမ်းမျှတစ်တန်လျှင် အမေ ရိကန်ဒေါ်လာ ၆၂၀နှုန်းဖြင့် ပြိုင်ဘက်ထိုင်းနှင့် အိန္ဒိယတို့ကို ကျော်လွန်၍ ဈေးနှုန်းမြင့်ဖြင့် တင်ပို့ခဲ့သည်။

အဓိကဝယ်လက်များမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး အင်ဒိုနီးရှားသည် တင်သွင်းမှုနှစ်ဆတိုးလာခဲ့ပါသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ အရည်အသွေးမြင့် လယ်ယာထွက်ကုန်များနှင့် ရေရှည်တည်တံ့သောလယ်ယာစိုက်ပျိုးရေး အလေ့အကျင့်များဖြင့် ပံ့ပိုးပေးထားသည့် ၂၀၂၅ ခုနှစ်အထိ ဆန်တင်ပို့မှု တိုးတက်မှုကို စိုက်ပျိုး ရေးဝန်ကြီးဌာနကမျှော်မှန်းထားသည်။

ကော်ဖီကဏ္ဍသည် ဝင်ငွေ ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၃၂ ရာနှုန်းတိုးမြင့်လာခဲ့သည်။ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကြောင့် ထုတ်လုပ်မှု ၁၅ ရာနှုန်း ကျဆင်းခဲ့သော်လည်း ပျမ်းမျှဈေးသည် ၅၇ ရာနှုန်း မြင့်တက်ခဲ့ပြီး တစ်တန်လျှင် ဒေါ်လာ ၄,၀၃၇ သို့ ရောက်ရှိကာ စံချိန်တင် အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ဂျာမနီ၊ အမေရိကန်နှင့် အီတလီတို့သည် အကြီးမားဆုံး ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး တောင်ကိုရီးယားနှင့် ဂျပန်တို့ထံမှလည်းဝယ်လိုအားတိုးလာနေပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး Nguyen Quoc Manh က အရည်အသွေးမြင့်တင်ရန်အတွက် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး ဈေးကွက်ဝေစုကို တိုးချဲ့ရန် အတွက် စိုက်ပျိုးထုတ်လုပ်မှုအခန်းကဏ္ဍကို အလေးပေးပြောကြားခဲ့သည်။

သစ်တောထွက်ပစ္စည်းများတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ၁၉ ဒသမ ၄ ရာနှုန်းတိုးမြင့်ခဲ့ပါသည်။ သစ်အချောထည်ပစ္စည်းများနှင့် ပရိဘောဂများကို အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ ဝယ်လိုအားကောင်းနေပါသည်။ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် ဂေဟစနစ် သဟဇာတသုံးပစ္စည်းများအပေါ် အလေးထားမှုသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင် အခွင့်အလမ်းများ ပွင့်စေခဲ့ပါသည်။

အာရှသည် ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်း ထုတ်ကုန်များကို အများဆုံး ဝယ်ယူသူဖြစ်ပြီး စုစုပေါင်း ပို့ကုန်ဝင်ငွေ၏ ၄၈ ဒသမ၂ ရာနှုန်း၊ အမေရိက ၂၃ ဒသမ ၇ ရာနှုန်းနှင့် ဥရောပ ၁၁ ဒသမ ၃ ရာနှုန်းတို့ ဖြစ်ပါသည်။ ဥရောပသို့ တင်ပို့မှုမှာ ၃၀ ဒသမ ၄ ရာနှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး အမေရိက ၂၃ ဒသမ ၆ နှင့် အာရှ ၁၆ ဒသမ ၁ ရာနှုန်းတို့ဖြစ် သည်။ အမေရိကန်သို့ တင်ပို့မှုမှ ဝင်ငွေသည် ၂၄ ဒသမ ၆ ရာနှုန်းတိုးလာပြီး တရုတ်နှင့် ဂျပန်တို့က ၁၁ နှင့် ၅ ဒသမ ၅ ရာနှုန်းအသီးသီး တိုးလာခဲ့ပါသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်စင်တာ (Agroinfo) သည် ကော်ဖီ၊ သီဟိုဠ်စေ့၊ ငရုတ်ကောင်းနှင့် အပူပိုင်းဒေသ သစ်သီးဝလံများအတွက် ခိုင်မာသော ဝယ်လိုအားရှိပြီး ဗီယက်နမ်ထုတ်ကုန်များအတွက် အလားအလာအရှိဆုံးဈေးကွက်များအဖြစ် အမေရိကန်နှင့်



တရုတ်ကိုသီးခြားသတ်မှတ်ထားသည်။ ထို့အပြင် ဂျပန်နိုင်ငံသည် အော်ဂဲနစ်နှင့် ရေရှည်တည်တံ့သော ထုတ်ကုန်များအတွက် သိသာထင်ရှားသော အလားအလာများကို အသိအမှတ်ပြုပြီး တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့စံချိန်စံညွှန်းများကို ဖြည့်ဆည်းရန် ဗီယက်နမ်၏ ကတိကဝတ်ကို အလေးထားကြောင်းသိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://theinvestor.vn/durian-rice-record-export-break-throughs-in-2024-d14003.html

စာ-၈ မှ



နိုင်ပြီး သက်ကြီးရွယ်အိုများတွင် ဦးနှောက်လုပ်ဆောင်ချက်ကို ကောင်းမွန်စေကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကင်းပုစွန်တွင်ပါဝင်သော Selenium ဓာတ်သည် စိတ်ဓာတ်ကျခြင်းကို သက်သာ ပျောက်ကင်းအောင် ကူညီပေးနိုင်ပါသည်။ထို့ကြောင့် စိတ်ဓာတ်ကျနေချိန်တွင် ကင်းပုစွန်ကို စားပေးပါ။ထိုသာမက ကင်းပုစွန်တွင်ပါဝင်သော အာဟာရဓာတ်တချို့သည် ဆီးချိုရောဂါမဖြစ်ပွားအောင်လည်းကူညီပေးနိုင်သည်။

ထို့ကြောင့် သင့်အစားအစာတွင် ကင်းပုစွန်ထည့်ခြင်းသည် သင့်ဦးနှောက်နှင့် စိတ်ကျန်းမာရေးအတွက် အကျိုးပြုစေမည်ဖြစ်သည်။

၄။ကြွက်သားများကိုသန်မာစေခြင်း

ကင်းပုစွန်သည် နွားနို့၊ကြက်ဥတို့ကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝပြီး ပရိုတင်းဓာတ်အကြွယ်ဝဆုံး အစားအစာများတွင် ပါဝင်ပါသည်။တစ်နေ့တာလုံး သွက်လက်ဖျတ်လတ်စွာ သွားလာလှုပ်ရှားနိုင်စေရန် အတွက် ကြွက်သားများ သန်မာနေရန် လိုအပ်ပါသည်။ကြွက်သားများ ဖွံ့ဖြိုးသန်မာစေရန်အတွက် ပရိုတင်းဓာတ် လိုအပ်ပါသည်။ ပရိုတင်းဓာတ်သည် ခြေသည်း၊လက်သည်း၊ ဆံပင်ရှည်ရန်နှင့် ကြွက်သားများကြီးထွားစေရန် အတွက် အရေးပါပါသည်။ကင်းပုစွန်တွင် ပရိုတင်းဓာတ်မြောက်များစွာ ပါဝင်သောကြောင့် ကြွက်သားများ သန်မာဖွံ့ဖြိုးစေရန်အတွက် ကူညီပေးမည်ဖြစ်သည်။

၅။အရိုးအဆစ်များ သန်မာကြံ့ခိုင်အောင် ကူညီပေးခြင်း

အရိုးအဆစ်များ သန်မာစေရန်အတွက် အလိုအပ်ဆုံးဓာတ်သည် ကယ်လ်စီယမ်ဓာတ်ပင် ဖြစ်သည်။ အရိုးအဆစ်များ သန်မာပြီး ကြံ့ခိုင်သော သွားများကို ပိုင်ဆိုင်ချင်သည်ဆိုလျှင် ကယ်လ်စီယမ်ဓာတ် မြောက်များစွာလိုအပ်ပါသည်။ ထိုကဲ့သို့ လိုအပ်သော ကယ်လ်စီယမ်ဓာတ်ကို ကင်းပုစွန်ထံမှ ရရှိနိုင်ပါသည်။

၆။သိုင်းရွိုက်ရောဂါရှိသူများအတွက် အကျိုးပြုခြင်း

ကင်းပုစွန်တွင် Selenium နှင့် Iodine ပါဝင်မှု မြင့်မားပါသည်။ထိုကဲ့သို့ Selenium နှင့် Iodine ပါဝင်မှုမြင့်မားခြင်းသည် Hashimoto's thyroiditis ကဲ့သို့သော အော်တိုခုခံအား သိုင်းရွိုက်အခြေအနေ ရှိသူ များ အ တွ က် အ ကျိုး ပြု နိုင် ပါ သည်။

သတိပြုရန်အနေဖြင့်-

ကင်းပုစွန်ကို အစိမ်းစားခြင်း (သို့မဟုတ်)မကျက်သေးသော ကင်းပုစွန်များကို စားမိလျှင် အစာအဆိပ်



သင့်နိုင်ခြေပိုများပါသည်။ လက္ခဏာများမှာ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ အော့အန်ခြင်းဖျားခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ ပါဝင်သည်။ထို့ကြောင့် မကျက်သေးသော ကင်းပုစွန်များကို ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ဗက်တီးရီးယားပိုးမွှားများကို ရှောင်ရှားရန် လတ်ဆတ်ပြီး အပြည့်အဝချက်ပြုတ်ထားသော ကင်းပုစွန်များကိုသာ စားသင့်သည်။ ထို့ပြင် ပင်လယ်စာနှင့် ဓာတ်မတည့်သူများအနေဖြင့်လည်း ကင်းပုစွန်ကိုချင့်ချိန်စားသင့်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်-

အခွံမာကင်းပုစွန်သည် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်သော ရေသတ္တဝါဖြစ်ပြီး အသားကိုစားသုံး၍ရသည်သာမက အခွံကိုလည်းအလှဆင်ပစ္စည်းအဖြစ်အသုံးပြုကြသဖြင့် ဘက်စုံအသုံးဝင်လှပါသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပပို့ကုန်အဖြစ်လည်း ဈေးကွက်တွင်နေရာရရှိနေသဖြင့် နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိနေသော ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၀)

## ကမ္ဘာ့အကောင်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ စံသတ်မှတ်ခြင်း-အပိုင်း-၂

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များတွင် သိပ္ပံဘွဲ့ (စိုက်ပျိုးမွေးမြူရေး) B.Sc. (Agriculture); B.Agr.Sc. ဘွဲ့တစ်ခုတည်း ပေးအပ်ခြင်းမဟုတ်ပါ။

စိုက်ပျိုးရေးနှင့်ဆက်စပ်ဘာသာရပ်များ ပေးအပ်သောဘွဲ့ များမှာ -

(၁) သိပ္ပံဘွဲ့ (စိုက်ပျိုးမွေးမြူရေး) B.Sc. (Agriculture); B.Agr.Sc. အပြင်-
(၂) သိပ္ပံဘွဲ့ (ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး) B.Sc. (Horticulture)
(၃) သိပ္ပံဘွဲ့ (သီးနှံသိပ္ပံ) B.Sc. (Crop Science)
(၄) သိပ္ပံဘွဲ့ (စားကျက်သိပ္ပံ) B.Sc. (Pasture Science)
(၅) သိပ္ပံဘွဲ့ (မြေဆီလွှာသိပ္ပံ) B.Sc. (Soil Science)
(၆) စိုက်ပျိုးရေးသိပ္ပံဘွဲ့ (ပတ်ဝန်းကျင်သိပ္ပံ) B.Agr.Sc. (Environmental Science)
(၇) စိုက်ပျိုးရေးသိပ္ပံဘွဲ့ (တိရစ္ဆာန်မွေးမြူရေးသိပ္ပံ) B.Agr.Sc. (Animal Science)
(၈) သိပ္ပံဘွဲ့ (ပိုးစာပင်စိုက်ပျိုးရေးနှင့်ပိုးမွေးမြူရေး) B.Sc. (Sericulture)
(၉) သိပ္ပံဘွဲ့ (သီးနှံသစ်တောရောနှောစိုက်ပျိုးရေး) B.Sc. (Agroforestry)
(၁၀) သိပ္ပံဘွဲ့ (အစားအစာအာဟာရဓာတ်နှင့်ကျန်းမာရေး) B.Sc. (Food Nutrition and Dietetics)
(၁၁) သိပ္ပံဘွဲ့ (စိုက်ပျိုးမွေးမြူထုတ်ကုန်များကူးသန်းရောင်းဝယ်ရေး) B.Sc. (Agribusiness)
(၁၂) သိပ္ပံဘွဲ့ (နို့နှင့်နို့ထွက်ပစ္စည်းဆိုင်ရာသိပ္ပံ) B.Sc. (Dairy Science)
(၁၃) သိပ္ပံဘွဲ့ (အစားအသောက်သိပ္ပံ) B.Sc. (Food Science)
(၁၄) သိပ္ပံဘွဲ့ (ဝိုင်ထုတ်လုပ်ခြင်းဆိုင်ရာသိပ္ပံ) B.Sc. (Wine Science)
(၁၅) သိပ္ပံဘွဲ့ (ပျားမွေးမြူရေး) B.Sc. (Apiculture)
(၁၆) သိပ္ပံဘွဲ့ (စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာသိပ္ပံ) B.Sc. (Viticulture)
(၁၇) သိပ္ပံဘွဲ့ (မြင်းမွေးမြူရေးနှင့်မြင်းနှင့်ဆိုင်သောအားကစားသိပ္ပံ) B.Sc. (Equine Science)
(၁၈) သိပ္ပံဘွဲ့ (သဘာဝအရင်းအမြစ်များစီမံခန့်ခွဲရေး) B.Sc. (Natural Resources Management)
(၁၉) နည်းပညာဘွဲ့ (စိုက်ပျိုးရေးအင်ဂျင်နီယာ) B.Tech. (Agricultural Engineering)
(၂၀) နည်းပညာဘွဲ့ (အစားအစာအင်ဂျင်နီယာ) B.Tech. (Food Engineering)
(၂၁) နည်းပညာဘွဲ့ (ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာ) B.Tech. (Environmental Engineering)
(၂၂) နည်းပညာဘွဲ့ (ဇီဝနည်းပညာ) B.Tech. (Biotechnology)
(၂၃) နည်းပညာဘွဲ့ (ဇီဝဆိုင်ရာအချက်အလက်များ) B.Tech. (Bioinformatics)
(၂၄) နည်းပညာဘွဲ့ (စိုက်ပျိုးရေးဆိုင်ရာအချက်အလက်နည်းပညာ) B.Tech. (Agricultural Information Technology) စသည်ဖြင့် ဘွဲ့၊ ဒီဂရီ၊ ဘာသာရပ်များ များပြားလှပါသည်၊

တစ်ချို့ စုပေါင်းဘာသာရပ်များ (Multidisciplinary/ Inter-disciplinary Subjects) အနေဖြင့် ဘွဲ့ပေးနေပါသည်။ဥပမာ-တိကျသော စိုက်ပျိုးမွေးမြူရေး(Precision Agriculture/ Farming)၊ အော်ဂဲနစ်စိုက်ပျိုးရေး (Organic Agriculture)၊ ရာသီဥတု နှင့်လိုက်လျောညီထွေ ဖြစ်သော စိုက်ပျိုးမွေးမြူရေး (Climate-Smart Agriculture)၊ အချက်အလက်ဆိုင်ရာ စိုက်ပျိုး ရေး (Data Science in Agriculture)၊ ဒစ်ဂျစ်တယ် စိုက် ပျိုးရေး (Digital Agriculture) စသည်ဖြင့် ခေတ်နှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးမွေးမြူရေးပညာများကို ဘွဲ့ဒီဂရီ များ ပေးလာပါသည်၊ ဤဘာသာရပ်များကို တက္ကသိုလ် ပထမဘွဲ့ (Bechelor Degree) အပြင် နိုင်ငံတော် လို အပ်ချက်နှင့် ကိုက်ညီ သော သုတေသနများ ပြုလုပ်အဖြေရှာကြရန် မဟာသိပ္ပံ (Master Degree – M.Sc.) ပါရဂူဘွဲ့ (Doctoral Degree – Ph.D.) များအထိ ပြုလုပ် ဆောင်ရွက်လျက် ရှိနေကြပါသည်။

တက္ကသိုလ်တွင် ၄-၅ နှစ်သင်ယူခဲ့ရသော ပညာများ၊ ဘာသာရပ်များသည် ခေတ်မီ ဆန်းသစ်နေရမည်ဖြစ်ပြီး ခေတ်နှင့် အညီ အလုပ်အကိုင် လိုအပ်ချက်နှင့်လည်း ကိုက်ညီနေရပါမည်။(Matching between Graduates and Employability) စင်္ကာပူနိုင်ငံရှိ တက္ကသိုလ် အများစုမှာသူတို့နိုင်ငံ/သူတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက် အထောက် အကူဖြစ် စေမည့် သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာအသစ်များကို နှစ်စဉ်လဲလှယ်သင်ကြားသည်ဟု သူတို့နိုင်ငံက ပါမောက္ခတစ်ဦးနှင့် ဆွေးနွေးဖြစ်ခဲ့ပါသည်။

နောက်တစ်ခါ ယနေ့ခေတ်နိုင်ငံတကာ နာမည်ကြီးတက္ကသိုလ်အများစုသည် နှစ်ဝက် သင်ရိုးသင် ခရက်ဒစ်ယူနစ်စနစ် (Semester-Credit Hour System)ကိုလက်ရှိအသုံးပြုလျက် ရှိ နေပါသည်။

### စိုက်ပျိုးရေးတက္ကသိုလ်များနှင့် အဆင့်မြင့်ပညာရေးတွင် ခရက်ဒစ်ယူနစ်စနစ် အသုံးပြုခြင်း အားသာချက်များ

စိုက်ပျိုးရေးတက္ကသိုလ်များအပါအဝင် အဆင့်မြင့်ပညာရေး သင်ကြားပေးနေသော တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် ဘွဲ့ရ ကျောင်းပြီးသွားပါက ယနေ့လိုအပ်နေသော စိုက်ပျိုး မွေးမြူရေးဆိုင်ရာ လုပ်ငန်းများ၌ အလုပ်အကိုင်ရရှိရေး (Job Market/ Employability)၊ ၂၁-ရာစု ခေတ်သစ်နှင့် အညီ အရည်အသွေးမြင့် ပညာရပ်များ သင်ကြားရေး (21st Century Quality Higher Education)၊ သင်ကြားနေသော ဘာသာရပ် အသီးသီး ကလည်း အကျိုးပြု ဘာသာရပ်များ ဖြစ်ပေါ်လာရေး (Effective and Efficient Subjects/ Courses) စသည်တို့သည် ခေတ်နှင့်အညီ အရေးပါလာသည်။

ထိုအခါ နိုင်ငံတကာ တက္ကသိုလ် အများစုတွင် လက်တွေ့ ကျင့်သုံးနေသော သင်ရိုးနာရီ အမှတ်ပေးစနစ် (Semester Credit-Hour System) ကို လေ့လာ၍ ဤစနစ်၏ ကောင်းမွန်သောအချက်များကို အတုယူနိုင်ပါသည်။

ဤစနစ်၏ အားသာချက်များမှာ -

#### (က) ပြောင်းလွယ် ပြင်လွယ်မှု (Flexibility) ရှိခြင်း

ကျောင်းသား၊ ကျောင်းသူများ အနေနှင့် ကျောင်းနေစဉ် ၄-နှစ် (သို့မဟုတ်) ၅-နှစ် အတွင်း (8-10 Semesters) သူတို့၏ စိတ်ဝင်စားမှု (Their Interest)၊ သူတို့၏ ဉာဏ်စွမ်းရည် (Their Intelligence and Abilities) စသည်ကိစ္စများ အပေါ်မူတည်၍ ဘာသာရပ်များစွာ ရွေးချယ်နိုင်စွမ်းရှိပါသည်။ မိမိတို့သင်ယူနေသည့် တက္ကသိုလ်ကမူ ဘာသာရပ်ပေါင်းစုံ သင်ကြားနေသော(Comprehensive University)တက္ကသိုလ်တော့ ဖြစ်ရပါမည်။

#### (ခ) တိုးယူ၊ လျှော့ပေါ့ (Acceleration or Deceleration) နိုင်စွမ်းရှိခြင်း

ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် မိမိဉာဏ်ရည် အပေါ်မူတည်၍ ဘာသာရပ်များစွာ တိုးမြှင့်၊ လျှော့ပေါ့ သင်ယူနိုင်ပါသည်။ ဉာဏ်ကောင်းပါက တက္ကသိုလ်၏ ဘာသာရပ် လိုအပ်ချက်အရ ပြည့်မီသွားလျှင် နှစ်စောပြီး ဘွဲ့ရရှိသွားနိုင်ပါသည်။

#### (ဂ) ဘာသာရပ်များသင်ယူမှု ဆက်လက်မှတ်တမ်းတင် (Transferability) နိုင်စွမ်းရှိခြင်း

တက္ကသိုလ် တစ်ကျောင်းမှ တစ်ကျောင်းသို့ ပြောင်းရွှေ့ရာတွင် သင်ယူလေ့လာခဲ့သော ဘာသာရပ်၊ ခရက်ဒစ်သင်ရိုး နာရီများကို လက်ဆင့်ကမ်း သယ်ယူနိုင်စွမ်းရှိပါသည်။ ဤအချက်မှာ အခု မြန်မာနိုင်ငံ ပုဂ္ဂလိက တက္ကသိုလ် အချို့မှ အမေရိကန်၊ အင်္ဂလန် စသည် နိုင်ငံများ၏ တက္ကသိုလ်များသို့ ပြောင်းရွှေ့သင်ယူရာ၌ မြန်မာနိုင်ငံတွင် မိမိသင်ယူထားပြီးသော ဘာသာရပ်များကို နိုင်ငံရပ်ခြား တက္ကသိုလ်များက အသိအမှတ်ပြု လက်ခံပေးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်ကျမှုကို များစွာလျှော့ချပေးနိုင်ပါသည်။

#### (ဃ) မိမိ ကြိုတင် သင်ယူခဲ့မှုများကို (Recognition of Prior Learning) အသိအမှတ်ပြု ပေးခြင်း

ဤစနစ်က ယခင်မိမိသင်ယူခဲ့ဘူးသော ဘာသာရပ်များ၊ သင်ခန်းစာများကို အသိအမှတ်ပြုပေးပါသည်။ ဥပမာ - အဆင့်မြင့်တတ်ကျွမ်းမှု စစ်ဆေးခြင်း (Advanced Placement Course - AP)၊ နိုင်ငံတကာဘွဲ့ကြို ဘာသာရပ်များ (International Baccalaureate Courses - IB)၊ အထက်တန်းကျောင်းတွင် ကောလိပ်အဆင့်ရှိ ဘာသာရပ်များ သင်ယူပြီးခဲ့ခြင်း (College-Level Courses taken during High School) စသည် တို့ဖြစ်ပါသည်။

စာ-၁၁ သို့

# အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်း

**အိ**န္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန် ပြီးခဲ့သည့် သီတင်းပတ်သုံးခုအတွင်း အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန် ဈေးကွက်တွင် ဆန် ဝယ်လိုအားကျ ဆင်းလာခြင်း၊ထုတ်လုပ်မှုနှင့် ရောင်း လိုအားမြင့်တက်လာခြင်းတို့ကြောင့် ဆန်ဈေး နှုန်း ၅ ရာခိုင်နှုန်းကျော်ကျ ဆင်းခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခု လ ၉ ရက်က ဖော်ပြသည်။

ယခုနှစ်တွင် ဆန်ဈေးနှုန်းများ သိ သိ သာ သာ ကျ ဆ င်း လာ ခဲ့ ကြောင်း၊ ဥပမာ ဒီဇင်ဘာလ အစော ပိုင်းက ချန်နိုင်းမှ Sona Masuri ဆန် ဈေးသည် ၁ ကီလိုဂရမ်လျှင် ၄၂ ရူပီး မှ ၆၂ ရူပီးသို့ ကျ ဆင်းခဲ့ကြောင်း၊ အလားတူ ဥရောပသမဂ္ဂ စံချိန် စံညွှန်းမီ Sona Masuri ဆန် ဈေးသည် ၁ ကီလိုဂရမ် လျှင် ၅၂ ရူပီးမှ ၅၄ ရူပီးသာရှိကြောင်း နယူး ဒေလီမြို့အခြေစိုက် ကုန်သွယ်ရေး လေ့လာသူ S Chandrasekaran က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဈေးနှုန်းသက်သာသောဆန်များကို ဗီယက် နမ်နှင့် စင်ကာပူနိုင်ငံများသို့ လ ည်း ကော င်း ဈေး နှု န်း မြ င့် သော ဆန်များကို ဥရောပနှင့် အမေရိကန် ပြ ည် ထော င် စု သို့ လ ည်း ကော င်း ရောင်းချကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံမှ ဆန်အဝယ် အမှာစာများ ရပ်တန့်သွားပြီဖြစ် ကြောင်း၊ ၎င်းအစိုးရမှ အမြင့်ဆုံးထားရှိရမည့် ဆန်ဈေးနှုန်းအား သတ်မှတ်ခဲ့သည့် အတွက် သွင်းကုန်များကျဆင်းသွား ခဲ့ကြောင်း၊ ထို့ကြောင့် နောက်ထပ် စုံစမ်းမေးမြန်းလာမှုများလည်း မရှိ သေးဟု Rajathi Group ပို့ကုန် လုပ်ငန်းမှ ဒါရိုက်တာ M Madan Prakash က ပြောကြားခဲ့သည်။

အိန္ဒိယဆန်တင်ပို့သူများမှ အာမခံ နှင့် ကုန်တင်စရိတ်အပါအဝင် ၁ တန်လျှင် ကန်ဒေါ်လာ ၅၈၀ ခန့်ဖြင့် ရောင်းချရန် ကမ်းလှမ်းထားသော် လည်း မလေးရှားနိုင်ငံမှ ဆန်ဝယ်ယူ သူများမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ ဖြင့်ရောင်းချပေးရန် ဈေးဆစ်ခဲ့ ကြောင်း၊ သို့သော် ဆန်တင်ပို့သူများ အနေဖြင့် ကုန်တင်စရိတ်များ ကြီး မြင့်သည့်အတွက် အဆိုပါဈေးနှုန်း ဖြင့် ရောင်းချလိုခြင်း မရှိကြကြောင်း သိရသည်။

အိန္ဒိယဆန်ဈေးနှုန်းမှာ ဗီယက်နမ် နှင့် ထိုင်းနိုင်ငံတို့မှ ဆန်ဈေးနှုန်းများ နှင့် နှိုင်းယှဉ်လျှင် များစွာ လျော့ကျ သွားခြင်းမျိုး မရှိဟု အိန္ဒိယဆန်တင် ပို့ရောင်းချသူများအသင်း (The Rice Exporters Association -TREA) ဥက္ကဋ္ဌ BV Krishna Rao က ပြော ကြားခဲ့သည်။ ဒေါ်လာနှင့် ချိတ် ဆက်သော ရူပီးဈေးကျဆင်းသဖြင့် ဆန်ဈေးနှုန်းကျဆင်းပြီး အိန္ဒိယဆန် ဝယ်လိုအား ကျဆင်းလာ ကြောင်း န ယူးဒေလီမြို့အခြေစိုက် ဆန်ကုန် သည်တစ်ဦးဖြစ်သူ Rajesh Paharia Jain က ပြော ကြားခဲ့သည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော ဆန် ဈေးနှုန်းများကိုကြည့်လျှင် ထိုင်း



နိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင် နှုန်းပါ ဆန် မှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၄ ရှိ ပြီး၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လ လယ်က ၁ တန်လျှင် ကန်ဒေါ်လာ ၅၂၃ ရှိသဖြင့် ကျဆင်းခဲ့ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့ရောင်းချသူများ အသင်း (Thai Rice Exporters Association) မှ သိရသည်။ အိန္ဒိယ မှ အလားတူဆန်၏ ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၄၅ မှ ၄၅၁ ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၆၀ မှ ၄၆၄ ဖြင့်လည်းကောင်း ဈေးဖွင့် ထားကြောင်း သိရသည်။

ပေါင်းဆန်ဈေးကွက်တွင်မူ အိန္ဒိယ မှ နှာတစ်ဖျားအသာစီးရရှိလျက်ရှိ ပြီး ၁ တန်လျှင် ကန်ဒေါ် လာ ၄၄၀ မှ ၄၄၄ ဖြင့် ကမ်းလှမ်းရောင်းချလျက် ရှိစဉ် ပါကစ္စတန်ပေါင်းဆန်မှာ ကန် ဒေါ်လာ ၄၆၂ မှ ၄၆၆ ဖြင့် လည်းကောင်း၊ ထိုင်းပေါင်းဆန်မှာ ကန်ဒေါ်လာ ၅၀၆ ဖြင့်လည်းကောင်း ကမ်းလှမ်းရောင်း ချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မည်သည့် ဆန်စက်ကမှ ဆန်လက်ကျန်များ ချ န် ထား လို ခြ င်း မ ရှိ ဟု Chandrasekaran က ပြောကြားခဲ့ သည်။ ယင်းအချက်က ခါရစ်(မိုး ရာသီ)တွင် ဆန်စပါး စံချိန်တင် ထွက်ရှိထားကြောင်း ပြသလျက်ရှိ ကြောင်း သိရသည်။ လက်ရှိ သီးနှံ

စာ-၃ သို့

စာ-၁၀ မှ

(င) **ဘွဲ့ရရှိရန်လိုအပ်ချက်များ (Graduation Requirements)**

ဤစနစ်က ကျောင်းသား၊ ကျောင်းသူများ အတွက် လမ်းညွှန်ပေး ပြီး သူကိုယ်တိုင် သင်ယူရမည့် အဓိကဘာသာ (Major Courses)၊ သာမန် ဘာသာ (Minor Courses)၊ အထွေထွေပညာရေး (General Education)၊ စိတ်ကြိုက်ဘာသာတွဲများ (Elective Courses) ကို ဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်ပါသည်။

(စ)**တစ်ဦးချင်းရည်မှန်းထားသော ပညာရေးလမ်းကြောင်း(Individualized Learning Paths)**

ကျောင်းသား၊ ကျောင်းသူများသည် လွတ်လပ်စွာ မိမိဝါသနာပါရာ ပညာရေးလမ်း ကြောင်းကို သတ်မှတ်ပြဋ္ဌာန်းချက်ဘောင်အတွင်းမှ ရွေးချယ် နိုင်ခြင်းကြောင့် ဘာသာရပ် စုံလင်စွာ (Diverse Academic Disciplines) လေ့လာနိုင်ပြီး များပြားလှသော အထူးပြု ဘာသာခွဲများ (Interdisciplinary Areas of Study) အတွင်း စိတ်ကြိုက်ရွေးချယ် နိုင်ပါသည်။ ဥပမာ အနေနှင့် ပြောရလျှင် ၁၉၈၇-ခု ကျွန်တော် ဩစတေးလျနိုင်ငံ ကွင်းစလန် တက္ကသိုလ် (The University of Queensland - UQ, Australia) တွင် မဟာ စိုက်ပျိုး ရေး သိပ္ပံ သင်တန်း တက်ရောက်နေစဉ်က ရူပဗေဒအထူးပြု ဘာသာ (Physics Major) သင်ကြားနေသော ကျောင်းသားတစ်ဦးမှ သာမန်ဘာသာ (Minor Subject) တစ်ဘာသာကို သမိုင်းကို သွားရောက်တွဲဖက်ယူပါသည်။ သူ့ကို မေးကြည့်ရာ ရူပဗေဒ ဘာသာ၏ သမိုင်းကြောင်း (History of Physics) ကို သုတေသနပြုလေ့လာလို၍ ဟုပြောပါသည်။ ကွင်းစလန်တက္ကသိုလ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက်ကတည်းက ဤစနစ် (Semester-Credit Hours System) ကို အသုံးပြုနေပါပြီ။ ကျွန်တော်တို့ နိုင်ငံတက္ကသိုလ်များ တွင်တော့ ယနေ့အချိန်အထိ သိပ္ပံ နှင့် ဝိဇ္ဇာဘာသာများ တွဲဖက်ယူ၍ မရသေး ဟု ထင်ပါသည်။

ကျွန်တော်သည်ပင် စိုက်ပျိုးရေး အထူးပြု ဘာသာရပ်များအပြင် ရုက္ခဗေဒ ဌာနမှ အပင်ဇီဝကမ္မဗေဒ (Plant Physiology) နှင့် ဆက်စပ်သောဘာသာ ရပ်များ၊ စာရင်းအင်း ပညာ ရှင်များ သင်ကြားပေးသော ဇီဝဆိုင်ရာစာရင်းအင်း ပညာ (Biometrics) တို့ကို ကြီးကြပ် ဆရာနှင့်တိုင်ပင်၍ ကျွန်တော် ကြိုက် နှစ်သက်ရာ ဘာသာရပ်များကို တွဲဖက်သင်ယူခဲ့ရပါသည်။ ဆရာကြီး ဦးညွန့် ရွှေကလည်း မြေဆီလွှာသိပ္ပံပညာ (Soil Science) အတွက် လိုအပ် သော သာမန်ဘာသာ ဘူမိဗေဒ (Geology) ကို ကွင်းစလန်တက္ကသိုလ်ရှိ ဘူမိဗေဒ ဌာနကြီး တွင် သွားရောက်သင်ကြားနိုင်သော အခွင့်အရေးများ အားသာချက် ရှိပါသည်၊

ဥပမာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြေဆီလွှာသိပ္ပံ (Soil Sciences) ဘာသာ ရပ်များနှင့် သက်ဆိုင်သော ဘူမိဗေဒ (Geology)၊ ပထဝီဝင် (Geography)၊ ပတ်ဝန်းကျင် ဆိုင်ရာ သိပ္ပံပညာ (Environmental Science)၊ ဇီဝဆိုင်ရာစာရင်းအင်းပညာ (Biometrics/ Biostatistics) စသည့် ဘာသာရပ်သင်ကြားပေးနိုင်သော ဌာနများစွာ လိုအပ်လျက် ရှိပါ သေးသည်။ ထို့အပြင် ယခု ၂၁-ရာစုနှစ် အတွက် လိုအပ်လျက်ရှိနေသော အဖွဲ့လိုက် စုပေါင်း ဆောင်ရွက်နိုင်မှုစွမ်းရည် (Teamwork/Collaboration Skill)၊ အတွေးအခေါ်/ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည် (Critical Thinking/Problem Solving Skill)၊ တင်ပြနိုင်စွမ်းရည် (Presentation/Oral Communication Skill) သတင်းအချက်အလက်နှင့် နည်းပညာ စွမ်းရည် (ICT – Information and Communication Technology Skill)၊ ခေါင်းဆောင် နိုင်မှုစွမ်းရည် (Leadership Skill)၊ တီထွင်နိုင်စွမ်းရည် (Creativity/Innovation Skill)၊ ရာသက်ပန် သင်ယူနိုင်မှု (Lifelong Learning Skill)၊ သတင်း အချက်အလက် လေ့လာ ရေးပညာ (Journalism/Report Writing Skill)၊ ကိုယ်ကျင့်တရား/ လူမှုဘဝတာဝန်ယူနိုင်မှုစွမ်းရည် (Professionalism/Ethics/Social Responsibility Skill) စသည်တို့ကို နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ စိတ် ကြိုက် ဘာသာတွဲအဖြစ် သင်ယူ/သင်ကြား နိုင်စေရန် စိုက်ပျိုး၊ မွေးမြူရေး ဆိုင်ရာ တက္ကသိုလ်များတွင် ဤစနစ်ပုံစံ ကျင့်သုံးပေးနိုင်ပါက အနာဂတ် စိုက်ပျိုး၊ မွေးမြူရေးဘွဲ့ရကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ် ရင့်ကျက်လာပြီး သက်ဆိုင်ရာ ဘာသာရပ်၊ နယ်ပယ်အသီးသီးတွင် ခေါ် ဆောင်ကောင်း များ ပေါ်ထွက်လာနိုင်မည်ဟု မျှော်လင့်မိပါသည်။

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

ရွှေဘိုပေါ်ဆန်း၊ ရန်ကုန်ပေါ်ဆန်းတို့မှာ အသစ် ဝင်ရောက်မှုရှိခြင်းကြောင့် ပင်ရင်းဈေးနိမ့်ပြီး ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၃၀၀၀၀ကျပ် ရွှေဘိုပေါ်ဆန်း တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မ နော သု ခ ဆန်မှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ အသစ်အဝင်များလာခြင်း၊ မြို့တွင်းသုံး ဝယ်ယူမှု ပုံမှန် ရှိခြင်းကြောင့် အသစ်တစ်အိတ် ၇၈၀၀၀ကျပ်၊ အဟောင်းတစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ငစိန်နှင့် ဇီယာဆန်တို့မှာ ရန်ကုန်မှ တစ်ဆင့်ဝင်ရောက်ပြီး အသစ်ဝင်ရောက်ချိန်ဖြစ်ခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အသစ်တစ်အိတ် ၇၆၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ဇီယာဆန်မှာ အသစ်ဝင်ရောက်သော်လည်း ဇီယာမျိုးနွယ်ဝင်များ ပြည်ပတင်ပို့မှုရှိခြင်းကြောင့် ပင်ရင်းဈေးမြင့်သဖြင့် တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ဧရာမင်းဆန် အသစ်မဝင်သေးခြင်း၊ အဟောင်းများသာတွေ့ရပြီး မြို့တွင်းသုံးပုံမှန် အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ မိုးမိတ်မရောက်မီမြို့များ၊ မန္တလေး ဝန်းကျင်မြို့များမှ တင်ပို့ရမှု ရံဖန်ရံခါရှိသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ ဆောင်းမြေပဲအသစ်ရော မိုးလက်ကျန် အဟောင်းပါ ထုတ်ရောင်းမှုရှိခြင်းကြောင့် နှစ်မျိုးလုံးတွေ့ရပြီး အသစ် ၁၀၀ ပိဿာ ၉၀၀၀၀၀ကျပ်၊ အဟောင်း ၈၈၀၀၀၀ကျပ်ဖြင့် လုပ်ငန်းသမားဝယ်ယူမှု ပုံမှန်ရှိသည်။ မြေပဲ(ဆီဆန်) ဈေးနှုန်းအနေဖြင့် ဆောင်းမြေပဲ အသစ်အဝင် နည်းသွားခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ အရည်အသွေးအကောင်းဆုံး ၈၄၀၀၀၀ကျပ်မှ ၈၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းဖြူမှာ ဆောင်းနှမ်းအသစ်ဝင်ရောက်ချိန်နီးခြင်း၊ မိုးလက်ကျန် နည်းခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၁၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ နှမ်းနက် (စမုံ)မှာ အသစ်ဝင်ချိန်နီးခြင်း၊ လုပ်ငန်းသမားတရုတ်ဝယ်လက် နည်းသော်လည်း၊ မိုးလက်ကျန်နည်းခြင်းကြောင့် ၄၅ပိဿာ အရည်အသွေးအကောင်းဆုံး ၆၇၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်း အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ ဈေးမြင့်သဖြင့် ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၄၅ပိဿာ ၂၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဆောင်းနေကြာဝင်ရောက်မှုရှိခြင်း၊ လှောင်သမား ဝယ်ယူမှုရှိခြင်းကြောင့် ၂၇ပိဿာ ၁၈၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ပျော်ဘွယ်နယ်စုံမှ အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ ငရုတ်ခြောက်(လတ်)မှာ ရှမ်းစကသီးများဝင်ရောက်မှုရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ်၊ အဟောင်းတစ်ပိဿာ ၉၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ ငရုတ်ခြောက်(ပွ)မှာ Aircon ဖြင့်ထားသော အပွတစ် ပိဿာ ၂၅၀၀၀ကျပ်၊ ဆင်ဖြူကျွန်းမှ ဝင်ရောက်သော အသစ်တစ်ပိဿာ ၂၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ကြက်သွန်နီများ မြစ်သားနှင့် ရွှေဘိုမှ အသစ်ဝင်ရောက်မှုရှိပြီး မြစ်သားကြက်သွန်အဝင်များလာခြင်းကြောင့် ကြက် သွန်နီကြီး ၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်နီ(လတ်) တစ် ပိဿာ ၃၈၀၀ကျပ်မှ ၃၆၀၀ကျပ်၊ သေးတစ်ပိဿာ ၃၂၀၀ကျပ်မှ ၃၀၀၀ ကျပ် သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်နီ (ရွှေဘို)မှာ ကြီးတစ်ပိဿာ ၃၃၀၀ကျပ်၊ လတ်တစ်ပိဿာ ၃၀၀၀ကျပ်၊ သေးတစ်ပိဿာ ၂၅၀၀ကျပ်ဖြင့် အဝင်များ နေသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ ယခုအပတ် လမ်းပမ်းဆက်သွယ်ရေး အခြေအနေအရ ပစ္စည်းအဝင်နည်းပြီး ပွဲရုံများတွင် ပစ္စည်းရှားနေသည်။ ပွဲရုံ အချို့၌သာ တွေ့ရပြီး တစ်ပိဿာ ၁၇၀၀၀ကျပ် ဈေးရှိသည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ် မူတည်၍ အနိမ့်ဆုံး တစ်ပိဿာ ၁၁၀၀၀ ကျပ်မှ အရည်အသွေး အကောင်း ဆုံး ၁၄၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ အောင်ပန်းအာလူးများ ဝင်ရောက် မှုများလာပြီး အိုကေတစ်ပိဿာ ၆၇၀၀ ကျပ်၊ အဒေဝမ်းတစ်ပိဿာ ၆၀၀၀ ကျပ်၊ ဆွဲတစ်ပိဿာ ၅၅၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးမှု ပုံမှန်ရှိနေသည်။ ကြက်သွန်နီအပါအဝင် စားဖိုဆောင်သီးနှံများအား များသောအား ဖြင့် မြို့တွင်းစားသုံးရန် ဝယ်ယူမှုများပြီး လမ်းပမ်းဆက်သွယ်ရေး အခြေအနေ ပေါ်မူတည်၍ အမှာရှိပါက အင်းတော်၊ ထီးချိုင့် မဲဇာနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းရန်ကုန်သို့ ရံဖန်ရံခါ တင်ပို့မှုရှိသည်။

## ပဲမျိုးစုံ

မတ်ပဲ မတ္တရာ၊ ရွှေဘို၊ မုံရွာဘက်မှ အသစ်များ ဝင်ရောက်မှုရှိပြီး ရန်ကုန်ဝယ်လက်၊ လှောင်သမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည် အသွေးအကောင်းဆုံး တစ်အိတ် ၂၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း (အညာ)မှာ ဆောင်းပဲအဝင်ပုံမှန် တရုတ်ဝယ်လက် ပဲခွဲစက်များ ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ထွက်ရှိရာ ဒေသအရည်အသွေးကွာခြားမှုပေါ် မူတည်၍ ၃တင်းတစ်အိတ် အရည်အသွေးအညံ့ဆုံး ၂၇၀၀၀၀ ကျပ်မှ အကောင်းဆုံး ၃၀၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ဆောင်းပဲပုပ် မဝင်သေးသဖြင့် မိုးလက်ကျန်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုပ်(မြန်မာ) မှာ ၃တင်းတစ်အိတ် ၅၃၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း၊ အသစ်မဝင်သေးခြင်းကြောင့် တစ်အိတ် ၃၃၀၀၀၀ ကျပ်မှ ၃၄၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ကုလားပဲ အသစ်မဝင်သေးသဖြင့် လက်ကျန် နည်းခြင်း၊ လုပ်ငန်းသမား၊ ပဲကြော်/လှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၉၀၀၀၀ ကျပ်၊ ကုဖြူကြီး မှာလည်း ခွဲစက်သမား အဝယ်ပုံ မှန်ရှိခြင်းကြောင့် တစ်အိတ် ၂၇၀၀၀၀ ကျပ်ဈေးဖြင့် တည်ငြိမ်နေသည်။ ခွခြမ်းမှာ ဟင်းသီး/ ရွက်ပေါ်သောဆောင်းကာလဖြစ်၍ မြို့တွင်း စားသုံးမှု နည်းလက်ကျန်များခြင်းကြောင့် တစ်ပိဿာ ၇၀၀၀ ကျပ်မှ ၆၈၀၀ ကျပ်သို့ ဈေးနိမ့် သွားသည်။ ပဲယင်း၊ မြေထောက်ပဲ၊ (စားတော်ပဲ(ကျွန်း)တို့မှာ အသစ် မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ပဲယင်းမှာ ခွဲစက်သမား၊ ကြာဖံ သမား အဝယ်နည်းသော်လည်း တစ်အိတ် ၂၅၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ မြေထောက်ပဲမှာ လုပ်ငန်းသမားအဝယ်နည်း အရောင်းအဝယ်ဖြစ် မှုနည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး တစ်အိတ် ၃၂၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ စားတော်ပဲ(ကျွန်း)မှာ အသစ်မဝင် သေးသော် လည်း လက်လီသမားအဝယ်နည်းပြီး အရောင်းအဝယ်အေးခြင်း ကြောင့် တစ်အိတ် ၄၇၀၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။ ပဲလွန်းဖြူ/ ပြာတို့မှာ အသစ်ဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ လက်လီ သမားအဝယ် နည်း၍ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်အပတ် ၂၅၅၀၀၀ ကျပ်မှ ၂၄၀၀၀၀ ကျပ်သို့ လည်းကောင်း၊ ပဲလွန်းပြာမှာ ၂၃၅၀၀၀ ကျပ် မှ ၂၁၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ထောပတ်ပဲ (ကြီး/သေး) တို့မှာ အသစ်မဝင်သေးခြင်း၊ အဝင်ပုံမှန်လုပ်ငန်းသမား၊ လှောင်သမား အဝယ်နည်း ခြင်းကြောင့် ထောပတ်ပဲ(ကြီး) ၃ တင်းတစ်အိတ် ၃၉၀၀၀၀ ကျပ် ဈေးဖြင့် တည်ငြိမ်နေပြီး ထောပတ်ပဲ(သေး) မှာလက်ကျန်နည်းပြီး လက်လီသမား အ ဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။ ပဲကြီး (ကြီး/သေး) တို့မှာ ပဲကြီး(ကြီး) မှာ လက်ကျန် နည်းခြင်း၊ ဆောင်းပဲ မဝင်သေးခြင်း၊ လုပ်ငန်း သမား ပဲကြော်/လှော်သမား အ ဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၉၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ပဲကြီး(သေး)မှာ လက်လီသမား ပုံမှန်အဝယ်ရှိပြီး အသစ်မဝင်သေးခြင်း ကြောင့် တစ်အိတ် ၂၃၅၀၀၀ ကျပ်မှ ၂၄၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ်(ရှမ်းတောင်) ရာသီကုန် မဝင်တော့ဘဲ မုံရွာ၊ မိတ္ထီလာတို့ မှ ထိုင်ဝမ်နှင့်ဗမာသီးများ ဝင်ရောက်ပြီး ထိုင်ဝမ် ၁၀ပိဿာ တစ်ခြင်း ၂၀၀၀၀ ကျပ်၊ မြန်မာသီး တစ်ပိဿာ ၂၅၀၀ ကျပ်တို့ဖြင့် မြို့တွင်း စားသုံးရန် ဝယ်ယူ မှုသာရှိသည်။ ငရုတ်စို(ရှည်) များ မုံရွာ၊ ချောင်းဦးဘက်မှ ဝင်ရောက်ပြီး အဝင် ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိပြီး နယ်ဝေးတင်ပို့ရခြင်းမရှိသဖြင့် တစ်ပိဿာ ၃၀၀၀ ကျပ်ခန့်သာရှိသည်။ ငရုတ်စို(လတ်)မှာ တစ်ပိဿာ ၅၅၀၀ကျပ်ဖြင့် ငါးပိထောင်း၊ လက်ဖက်၊ ဗေဒါရွှေကြာလက်ဖက်တို့မှ ပုံမှန်ဝယ်ယူ မှုရှိသည်။

စာ-၁၂ သို့

## သဘာဝကပေးအစာနှင့်ဆေး

# ဟင်းနုနွယ်

ဟင်းနုနွယ်ပင်၏အင်္ဂလိပ်အမည်မှာ Green amaranth ဟု လူသိများပြီး Slender amaranth, Pigweed နှင့် Tropical green amaranth ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Amaranthus viridis ခေါ်ဆိုပြီး မျိုးရင်း Amaranthaceae တွင်ပါဝင်၏။ ဟင်းနုနွယ်ပင်သည် အမေရိကတိုက်တွင်သဘာဝအတိုင်း ပေါက်ရောက်ဖြစ်ထွန်းခဲ့၏။ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ မှ ၈၀၀၀ အတွင်း ပီရူးနိုင်ငံတွင် ဟင်းနုနွယ်ရွက်ကို ဟင်းသီးဟင်းရွက်အဖြစ် စတင် စိုက်ပျိုးလာခဲ့ကြ၏။ အလယ်ပိုင်းနှင့် တောင်အမေရိကရှိ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အဓိကစားနပ်ရိက္ခာနှင့် အလှဆင်အပင်အဖြစ် ဟင်းနုနွယ်ပင်ကို စိုက်ပျိုးခဲ့ကြ၏။ မက္ကဆီကိုနိုင်ငံရှိ ရှေးဟောင်းလူသားမျိုးနွယ်ဖြစ်သည့် Aztecs လူမျိုးတို့သည် ဟင်းနုနွယ်ပင်ကို မြင့်မြတ်သည်ဟု ယူဆကြပြီး ဘာသာရေးဆိုင်ရာဓလေ့ထုံးတမ်းများတွင် အသုံးပြုခဲ့ကြ၏။

ယနေ့ခေတ်တွင်မူ ဟင်းနုနွယ်ပင်ကို တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှ၊ အနောက်အာဖရိကနှင့် ကာရေဘီယံ တို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် သီးပင်စားပင်အဖြစ် စိုက်ပျိုးလာကြ၏။ မောလ်ဒိုက်ဗ်တွင် ဟင်းနုနွယ်ရွက် များကို ဟင်းလျာများချက်ပြုတ်ပြင်ဆင်ပြီး ရာစုနှစ်များစွာကြာအောင် စားသုံးခဲ့ကြ၏။ အနောက်အာဖရိကတွင် ဟင်းနုနွယ်ရွက်ကို ဆေးဖက်ဆိုင်ရာနှင့် စိတ်နှလုံးဝိညာဉ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုကြ၏။ မြန်မာနိုင်ငံတစ်နံတစ်လျားတွင်လည်း ဟင်းနုနွယ်ပင်ကို စိုက်ခင်းများပြုလုပ်စိုက်ပျိုးခြင်း၊ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးကြ၏။ အချို့သောနေရာများတွင် ဟင်းနုနွယ်စေ့များကို ငှက်ကလေးများမှတစ်ဆင့်သို့မဟုတ် နောက်ချေး မြေသြဇာမှတစ်ဆင့် သယ်ဆောင်လာကြပြီး အပင်ပေါက်လေးများ ပေါက်လာတတ်ကြ၏။

ဟင်းနုနွယ်ပင်သည် အပင်အမြင့် ၅၀ မှ ၈၀ စင်တီမီတာအထိ ရှင်သန်ကြီးထွားနိုင်ပြီး စိမ်းစိုသော ပင်စည်တွင် အကိုင်းအခက်အလက်များ ဝေဝေဆာဆာဖြင့် ပေါက်ရောက်တတ်၏။ ဘဲဥပုံသဏ္ဍာန် အစိမ်းရင့်ရောင် အရွက်များသည် အရှည် ၅ မှ ၁၀ စင်တီမီတာရှိပြီး အစွန်း နှစ်ဖက်ဆီသို့ ကျဉ်းမြောင်းသွား၏။

ကမ္ဘာပေါ်တွင်ဟင်းနုနွယ်မျိုးစိတ်ပေါင်း ၅၀ကျော်ခန့်ရှိပြီး ယင်းတို့တွင် တစ်နှစ်ခံပင်ရှိသကဲ့သို့ နှစ်ရှည်ပင်များလည်း ပါဝင်ကြ၏။ အချို့သော ဟင်းနုနွယ်ပင်များကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးကြသကဲ့သို့ အလှစိုက်အပင်များအဖြစ်လည်းကောင်း၊ အာဟာရဓာတ်ကြွယ်ဝသောအစေ့အဆန်အဖြစ်လည်းကောင်း စားသုံးကြ၏။ ဟင်းနုနွယ်ပင်ကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးခြင်း၊ ဆေးအဖြစ်အသုံးပြုခြင်းနှင့် ဆေးဝါးများဖော်စပ်ထုတ်လုပ်ရာတွင် အသုံးပြုကြ၏။

ဟင်းနုနွယ်ပင်များသည် သက်တမ်းတိုသောအပင်များဖြစ်ပြီး လျင်မြန်စွာကြီးထွားဖွံ့ဖြိုးလွယ်သော အပင်မျိုးဖြစ်ကြ၏။ ပန်းခိုင်လေးများကိုအပင်၏ထိပ်ပိုင်း ပင်စည်နှင့်အရွက်များကြားထောင့်တွင်



ထွက်လေ့ရှိပြီး အပွင့်ငယ်လေးများ စုပြုံပြီးပွင့်တတ်ကြ၏။ အသီးတောင့်လေးများမှာ အစိမ်းရောင်မှသည် ရင့်လာသောအခါ အညိုရောင်သို့ ပြောင်းလဲသွား၏။ အသီးအတွင်းတွင် ချောမွတ်တောက်ပြောင်သော အနက်ရောင်အစေ့လေးများ ပါဝင်၏။

ဟင်းနုနွယ်ပင်ကို ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းဝေဒနာ၊ ဆီးနှင့်ပတ်သက်သော ဝေဒနာများ၊ အပူလောင်နာများ၊ ပြည်တည်နာများ၊ လိပ်ခေါင်းရောဂါနှင့် မျက်လုံးထဲပိုးဝင်ခြင်းဝေဒနာများအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။

ဟင်းနုနွယ်ပင်တွင် ပရိုတင်း၊ အမျှင်ဓာတ်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ သတ္တုဓာတ်များအဖြစ် ဖော့စ်ဖရပ်စ်၊ အိုင်းယွန်း၊ ဆိုဒီယမ်၊ ကယ်လ်စီယမ်၊ ကော့ပါး၊ ဇင့်ခ်၊ မဂ္ဂနီစီယမ်၊ မဂ္ဂနိစ်၊ ပိုတက်စီယမ်တို့အပြင် ဗီတာမင်အေ၊ ဘီတာကယ်ရိုတင်း၊ ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ ကြွယ်ဝစွာပါဝင်၏။

- ဟင်းနုနွယ်ရွက်တွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အစာခြေစနစ်၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်း၊ ဝမ်းမှန်စေခြင်း၊ ကိုယ်အလေးချိန်ကိုထိန်းညှိပေးနိုင်ခြင်း၊ အသားအရေကို ကြည်လင်စေခြင်း၊ ဆံကေသာကျန်းမာစေခြင်းတို့အတွက် အထောက်အကူကောင်းများကို ပေးစွမ်းနိုင်၏။

- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည့် ဟင်းနုနွယ်ရွက်ကို စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုကို ဆန့်ကျင်ပေးနိုင်စွမ်း၊ သွေးဖိအားကို မျှခြေဖြစ်စေရန် ထိန်းပေးနိုင်စွမ်း၊ သွေးအားကောင်းစေခြင်း၊ သွေးကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့နည်းစေခြင်း သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို မျှခြေဖြစ်စေရန် ထိန်းပေးထားနိုင်ခြင်းကြောင့် ဆီးချိုရောဂါ ဖြစ်ပွားမှုမရှိစေရန် ဟန့်တားပေးနိုင်စွမ်းတို့ကို ရရှိနိုင်၏။

- ဗီတာမင်စီ၊ အီးနှင့် ဘီတာကယ်ရိုတင်းတို့ ကြွယ်ဝစွာပါဝင်သည့် ဟင်းနုနွယ်ရွက်သည် ဓာတ်မတည့်ခြင်းဖြစ်ပွားတတ်သည့် အရေပြားယားယံခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ နှာရည်ယိုစီးခြင်း အစရှိသည့် ဝေဒနာများကို သက်သာစေနိုင်စွမ်းရှိ၏။

- ဟင်းနုနွယ်ရွက်တွင် ကယ်လ်စီယမ်နှင့် ဗီတာမင်ကေတို့ ပါဝင်ခြင်းကြောင့် အရိုးပွခြင်း၊ အရိုးကြွတ်ဆပ်ခြင်း၊ အရိုးကျိုးခြင်းတို့မှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။

- ကိုယ်ဝန်ဆောင်မိခင်များအတွက် မိခင်လောင်းဘဝ ကိုယ်ဝန်ဆောင်ပထမကာလကတည်းကပင် ဟင်းနုနွယ်ရွက်ကို ပမာဏတစ်ရပ် သတ်မှတ်ပြီး ပုံမှန်စားသုံးပေးခြင်းဖြင့် မိခင်ရော ကလေးအတွက်ပါ သွေးအားကောင်း စေခြင်း၊ အမောခံနိုင်ခြင်း၊ ရင်သွေးငယ်အတွက် ကိုယ်လက်အင်္ဂါပြည့်စုံစေခြင်း၊ အရိုးအဆစ်ကောင်းစေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

- ကလေးငယ်များအတွက် အာဟာရပြင်ဆင်ရာတွင်ငယ်ရွယ်စဉ်ကတည်းက ဟင်းနုနွယ်ရွက်ကို ပုံမှန်ထည့်သွင်း စားသုံးစေခြင်းဖြင့် အရပ်ရှည်ပြီး ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာအချိုးအစားကို ရရှိစေနိုင်၏။

- ဟင်းနုနွယ်ရွက်တွင် ပါဝင်သည့် ပရိုတင်းဓာတ်မှာ ပြောင်းနှင့် ဆန်တို့ထက် နှစ်ဆ ပါဝင်ခြင်းကြောင့် အာဟာရ ရရှိမှု ပိုမိုမြင့်မားစေ၏။

ဟင်းနုနွယ်ပင်၏ အရွက်အညွန့်၊ ရိုးတံနုလေးများကို ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်စားသုံးလေ့ရှိတတ်ကြ၏။ ဟင်းနုနွယ်ရိုးတံတွင် အမျှင်လွှာပါဝင်သည့်အတွက် ချက်ပြုတ်ခြင်းမပြုမီ အမျှင်များကို ဖယ်ရှားပြီး ချက်ပြုတ်မှသာ နူးညံ့သော အရသာကို ရရှိနိုင်၏။ မြန်မာနိုင်ငံအနှံ့နေရာဒေသအစုံတွင် ပေါက်ရောက်သည့် အပင်မျိုးဖြစ်သည့်အတွက် ဒေသစုံ၊ နယ်ပယ်စုံမှ ချက်ပြုတ်နည်းစုံလင်စွာဖြင့် ဟင်းနုနွယ်ပင်ကို ပြင်ဆင်ချက်ပြုတ်စားသုံးတတ်ကြ၏။

- ရေနွေးဖျောထားသည့် ဟင်းနုနွယ်အရွက်နှင့် ရိုးတံများကို မထုမပါးလှီးပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ဟင်းနုနွယ်ရွက်သုပ်လေး ရပါပြီ။

- ဟင်းနုနွယ်ရွက်နှင့် ရိုးတံနုလေးများကို သန့်စင်ပြီးနောက် ဒယ်အိုးပူပူတွင် ဆီအနည်းငယ်ထည့်၊ ဓားပြားရိုက်ထားသော ကြက်သွန်ဖြူထည့် ဆီသတ်ပြီး ကြော်စားနိုင်၏။ ရိုးရှင်းလှပေမယ့် သံဓာတ်ကြွယ်ဝလှပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ သွေးအားနည်းသူများအတွက် အာဟာရတန်ဖိုးမြင့်မားလှ၏။

- ဟင်းနုနွယ်ရိုးတံလေးများကို နူးပြီးအလုံးမပျက်ပြုတ်ထားသော ကုလားပဲဆံပြုတ်နှင့်အတူရောပြီး မန်ကျည်း အနှစ်အုပ်ကာ ချဉ်ရည်ဟင်းအဖြစ် ချက်ပြုတ်စားသုံးနိုင်၏။ သွေးအားနည်းသူများ၊ သွေးပေါင်ကျသူများအတွက် သဘာဝသွေးအား



စာ-၁၅ သို့

ပြေးပိုကော်

ကျောဖုံးမှ-

မှာ ၅၀၀ စတုရန်းပေမှ ၁၀၀၀ စတုရန်းပေ သို့မဟုတ် အလျား ၃၅ ပေ၊အနံ ၁၅ ပေမှ အလျား ၅၀ ပေ၊အနံ ၂၀ ပေအထိ ငါးကန်များ ဖြစ်ရပါမည်။လေအေး မတိုက်ခတ်နိုင်သော နေရာ တွင် တူးဖော်ရပါမည်။နေရောင်ခြည်လည်း ရနိုင်သလောက် ရရမည့်နေရာလည်း ဖြစ်ရပါမည်။

ကန်မြေမှာ ဩဇာဓာတ်ပြည့်ဝသော ရွှံ့စေးမြေဖြစ်ဖို့ လိုပါသည်။ဆင်ခြေလျှောဖြစ်ပြီး ရေသွင်းပေါက်အနားတွင် ရေအနက် ၁ပေ မှ ၂ပေ ၄လက်မ အထိရှိပြီး ရေထုတ်ပေါက်အနားတွင် ရေအနက် ၂ ပေ ၈ လက်မခန့် ရှိရပါမည်။

စီးပွားဖြစ်မွေးမြူရန်အတွက် ကန်များကို သင့်လျော်သည့် အချိုး အစားအလိုက်ထားရသည်။ ပြုစုကန်ဧရိယာသည် ဥပေါက်ကန်ဧရိယာထက် နှစ်ဆ သုံးဆခန့်ရှိရမည်။

အချို့မွေးမြူရေးသမားများသည် ဤဥပေါက်ကန်ကိုပင် ပြုစုကန်အဖြစ် အသုံးပြုကြသော်လည်း အချို့မှာ တစ်နေရာတွင် ဥပေါက်စေပြီးမှ ပြင်ဆင်ထားသည့် ဥပေါက်ကန်ထဲသို့ ထည့်၍ ငါးမှုန်များပြုစုကြပါသည်။

ပြုစုကန်၊ဥပေါက်ကန်များကို လုပ်ငန်းမစမီ ရေထုတ်အခြောက်လှန်းရသည်။သုံးလေးရက် အချိန်ယူနေလှန်းရမည်။၄င်းကန်များထဲသို့ သားပေါက်ကန်ထက် ရေနှစ်ရက်၊သုံးရက်စော၍ ထည့်ရမည်။ဥပေါက်ကန်အောက်ခြေကို ညှိလိုက်ရမည်။ရေဖြည့်ခြင်းကို နံနက်စောစော ၁၀ နာရီခန့်တွင် ပြုလုပ်ရသည်။

ရွှေဝါငါးကြင်းအတွက် ဥပေါက်ကန်သာမက အချို့ငါးမျိုးများအတွက် ဥဖောက်လှောင်ကန်လည်း လိုပါသည်။အသုံးပြုသော ဝါးစိုက်ထူပုံ၊ပိုက်တပ်ဆင်ပုံတို့မှာ မျိုးဖောက်ရန် ငါးကြီးများ အထီးအမခွဲခြားထားသည့် လှောင်ကန်အတိုင်းပင် ဖြစ်သည်။ဥဖောက်လှောင်ကန်တွင် အတွင်းဥဖောက်လှောင်ကန်၊ အပြင်ဥဖောက်လှောင်ကန်ဖြင့် လုပ်ကိုင်ရပါသည်။

## အတွင်းဥဖောက်လှောင်ကန်

အရွယ်အစား ၅ပေ x ၂ပေခွဲ x ၁ပေခွဲရှိ နိုင်လွန်ခြင်ထောင်ဇာဖြင့် ချုပ်ထားသည့် ဆန်ခါများကဲ့သို့ ဖြစ်နေသဖြင့် ဥတင်နိုင်၏။အကောင်ပေါက်ကလေးများသည် ဥထက်သေးငယ်သဖြင့် ဆန်ခါပေါက်ကလေးများမှ အပြင်ဥဖောက်လှောင်ကန်ထဲသို့ ကျသွား၏။ ထို့ကြောင့် ဥခွံနှင့် ငါးမှုန်ခွဲခြားသွားပြီး ဥခွံများကို အလွယ်တကူ ဖယ်ထုတ်နိုင်ပါသည်။

## အပြင်ဥဖောက်လှောင်ကန်

အရွယ်အစား ၆ပေ x ၃ပေ x ၃ပေ ရှိပြီး ဥကလေးများ နေရောင်ခြည်နှင့် လေရရှိရန် ထိပ်ပိတ်ဖုံး မလိုချေ။ချည်မဟုတ်သည့် နိုင်လွန် သို့မဟုတ် မြန်မာဖြစ်တက်ထရွန်၊ ဂရမန်ပိတ်နှင့် အခြားအလွန်ပါးသည့် ရေအဝင်အထွက် ကောင်းသော အသားဖြင့်ချုပ်ရ၏။ အထက်နှင့်အောက် ထောင့်ရှစ်ထောင့် တွင် ကွင်းများပါသည်။အတွင်းပိုင်းတွင် အတွင်းဥဖောက်လှောင်ကန်ချည်ရန်အတွက် ကွင်းများပါ၏။

အထူးသတိပြုရမည့်အချက်မှာ လှောင်ကန်များ စိုက်ထူပြီးပါက


ငါးမွေးမြူရေးကန်

ငါးရိုင်းများအတွင်းသို့ မဝင်နိုင်စေရန် အပြင်ဘက်မှနေ၍ ထပ်ဆင့်ပြီး နိုင်လွန်ပိုက်များကို ကာရံစိုက်ထူထားရပါသည်။ ဤဥဖောက်လှောင်ကန်များတွင် ဆေးထိုးသားဖောက်လုပ်၍ရသော ဥများကို ဖောက်ရန် အသုံးပြုကြသည်။

အထက်ဖော်ပြပါ မျိုးဖောက်ငါးကြီးများ ထားရန်ကန်၊မျိုးပွားရန်ကန်နှင့် ဥပေါက်ကန်နှင့် ပြုစုကန်၊ငါးကန်များနှင့် လှောင်ကန်ကလေးများမှာ ကိုယ်တိုင်သားဖောက်မျိုးပွားလိုသော ငါးမွေးမြူသူများအတွက်သာ ဖြစ်ပါသည်။

သာမန်ငါးမွေးမြူသူများအတွက် ဤကန်များ မလိုအပ်ပေ။ မျိုးဖောက်ထားပြီး ငါးသားပေါက်များနှင့် သဘာဝအတိုင်း ပေါက်ဖွားလာသော ငါးသားပေါက်များကို ငါးလုပ်ငန်းဦးစီးဌာန၊ငါးသားပေါက်စခန်းများမှ ဖြစ်စေ၊ ပုဂ္ဂလိက ငါးသားပေါက်ရောင်းချသူများထံမှ ဖြစ်စေ အလွယ်တကူ ဝယ်ယူနိုင်ပါသည်။

## ၄။ ငါးမွေးမြူရန် ကန်

ငါးမွေးမြူရေးကန်ကိုမူ အသေးစိတ် အထူးရေးသားရန် မလိုတော့ပါ။ ငါးမွေးမြူရေးကန်ပြုလုပ်နည်းကို “ငါးမွေးကန်အဟောင်းနှင့် အသစ်အားကြိုတင်ပြင်ဆင်ခြင်း” ဆောင်းပါးတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။(e-Paper 0022)

## ငါးကန်များ တူးဖော်သင့်သောအနေအထား

ငါးကန်များတူးလျှင် မိမိကိုယ်တိုင် ငါးသားဖောက်သည် ဖြစ်စေ၊ ငါးကြီးများ တစ်ကန်မကမွေးမြူသည်အထိ တစ်ကန်နှင့်တစ်ကန် ငါးအပြောင်းအရွှေ့ လွယ်ကူစေရန်အတွက် စီမံပြီး တူးရပါမည်။အပြောင်းအရွှေ့အလွယ်ကူဆုံးမှာ တစ်ကန်နှင့်တစ်ကန် ကန်ပေါင် အနည်းဆုံး တစ်ပေါင်သာခြားခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။ထို့ကြောင့် မိမိဉာဏ်ရှိသလို မြေအလိုက် တတ်နိုင်သမျှ ကန်ပေါင်နည်းရန် တူးသင့်ပေသည်။

ဇော်ကြီး(ငါးဦးစီး)

စာ-၁၄ မှ

တိုးဆေးကောင်း ဟင်းတစ်မယ်ဖြစ်၏။

- ကြက်ရိုးပြုတ်ရည်၊ ငါးမီးအုံးဟင်းခါး၊ ငါးကျည်းကျပ်တိုက်ဟင်းခါးတို့တွင်လည်း ဟင်းနုနွယ်ရွက်ကို ခပ်ကာ ဟင်းချိုအဖြစ်လည်း ချက်သောက်နိုင်၏။
- ဟင်းနုနွယ်အရွက်ကို အမှုန့်ပြုလုပ်ပြီး ပေါင်မုန့်ဖုတ်ခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ရွက်စိမ်းဖျော်ရည်တို့လည်း ပြုလုပ်နိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဟင်းနုနွယ်ပင်မှရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်- ၀၉၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

စာ-၂ မှ

ကိုလည်းကောင်း အမျိုးအမည်စုံလင်စွာ မှာယူစားသုံးကြကြောင်း၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်ဒေသမှ ပုန်းရည်ကြီးသည် လူကြိုက်များသည့်အပြင် ၎င်း၏အရသာမှာ နူးညံ့ဆိမ့်သက်သော အရသာဖြစ်သဖြင့် ၎င်းတို့သည် အဆိုပါဒေသမှ ပုန်းရည်ကြီးကိုသာ မှာယူသုံးစွဲကြောင်း၊ အခြားဒေသမှ ပုန်းရည်ကြီးအရသာမှာ အနည်းငယ် အချဉ်အရသာရှိကြောင်း ပခုက္ကူမြို့နယ်ရှိ Pon Ye Gyi PKU ၏ ပိုင်ရှင်ဖြစ်သူ ဒေါ်မော်မော်ဝင်းက ပြောကြားခဲ့ပါသည်။ ညောင်ဦးနှင့် ငါ့သရောက်ဒေသတို့တွင် ပုန်းရည်ကြီးလုပ်ငန်း (၃၅)ခုခန့်ရှိပြီး အဆိုပါ လုပ်ငန်းများမှ မြန်မာနိုင်ငံတစ်ဝှမ်းသို့ လက်ကားရောင်းချသူများမှတဆင့် ပုန်းရည်ကြီးကို အမှတ် တံဆိပ် အမျိုးမျိုးဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

နှင်းရီဝင်း

https://www.gnlm.com.mm/anyar-pon-ye-gyi-business-becomes-thriving-again/



ဇော်ကြီး(ငါးဦးစီး)

# ငါးမွေးတောင်သူများသိထားသင့်သည့် ငါးမွေးမြူရေးကန်အမျိုးအစားများ

ဥပေါက်ကန်

ငါးမွေးမြူရေးကန်အမျိုးအစားကို အကြမ်းအားဖြင့် အောက်ဖော်ပြပါ အမျိုးအစား လေးမျိုးလေးစား ခွဲခြားထားနိုင်ပါသည်။၎င်းတို့မှာ-

၁။ မျိုးဖောက်ငါးကြီးများထားရန်ကန်
၂။ မျိုးပွားကန်
၃။ ဥပေါက်ကန်
၄။ ငါးမွေးမြူရေးကန်တို့ ဖြစ်ပါသည်။

## ၁။ မျိုးဖောက်ငါးကြီးများထားရန် ကန်

ငါးများကို စီးပွားဖြစ်အကြီးအကျယ် မွေးမြူသူများ အဖို့ မျိုးဖောက်ရန် ငါးကြီးကန်၏ ဧရိယာပင် တစ်မတ်မှ တစ်ဧကအထိရှိ၍ ရေစောက်အနက်မှာ ၅ပေ ရှိသည်။ရေသွင်း၊ ရေထုတ်ပိုက်များ တပ်ဆင်ထားသည်။

ခြေနိုင်လက်နိုင်မွေးမြူသူများအတွက်မူ ဤမျှဧရိယာအကျယ်မလိုပါပေ။ဂျပန်နိုင်ငံ၌ လယ်ကွက်များတွင် ငါးမှန်များကို မျိုးပွားယူရန်အတွက် မျိုးဖောက်ငါးကြီးများ ငါးကန်ထား၏။ အချို့နိုင်ငံများတွင်မူ မျိုးငါးများကို ရိုးရိုးငါးမွေးကန်တွင်ပင်ထည့်မွေး၏။

မျိုးငါးကန်ကို အေးမြသောလေအေး ရုတ်တရက်မတိုက်နိုင်သော လေပဟာပြင်နေရာမျိုးကို ရွေးချယ်ပြီး တူးရသည်။အဘယ်ကြောင့်ဆိုသော် ရာသီဥတုအေးလျှင် သားပေါက်မှုနောက်ကျသည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်၏။

ခိုင်ခံ့သောကန်ပေါင်များရှိပြီး လုံလောက်သော ရေတံခါးများရှိလျှင် ပိုမိုကောင်းပါသည်။မျိုးငါးကြီးများအား လိုအပ်သောအာဟာရဓာတ်များပါသည့် အစာများကို ကျွေးရန် ဂရုစိုက်ရပါသည်။

သားဖောက်ခါနီးတွင် လက်ရွေးစင်မျိုးငါးကြီးများကို ငါးလှောင်ကန်များတွင် ခေတ္တထည့်၍ အထီးအမ ခွဲခြားထားရသည်။

## မျိုးငါးကြီးများ ခေတ္တထားရသည့် လှောင်ကန်

လှောင်ကန်ပြုလုပ်ရန် မျှင်ဝါးလုံးတိုင် လေးတိုင်လိုအပ်ပါသည်။လှောင် ကန်အရွယ်အစားအလိုက် မြေတွင်ခိုင်မြဲစွာ စိုက်ရပါမည်။ယိုင်လဲမသွားစေ ရန် ဝါးလုံးတန်းများဖြင့် ထိန်းထားဖို့လိုပါမည်။လှောင်ကန်အရွယ်အစားမှာ ၆ပေ x ၆ပေ x ၃ပေ ရှိ၍ ခြင်ထောင်ဇာ သို့မဟုတ် နိုင်လွန်ဇာကွက်ရှိသော ပိတ်စဖြင့် ပတ်ပတ်လည် လုံခြုံစွာချုပ်ထား၏။ထောင့်ရှစ်ထောင့်၌ ဝါးလုံး များတွင်ချည်ရန် ကွင်းများပါသည်။အထက်ပိုင်းတွင် ငါးများထည့်သွင်းနိုင်ရန် အပေါက်ငယ်ရှိသည်။အဆိုပါအပေါက်တွင် ငါးများ ခုန်မထွက်နိုင်ရန် အပိတ်တစ်ခု ထားပေးရသည်။

လှောင်ကန်အပေါ်ပိုင်းကို ရေမျက်နှာပြင်မှ ၆ လက်မ ၁၀ လက်မခန့် အမြင့်၌ ထောင့်လေးထောင့်ကို ဝါးလုံးတိုင် ၄ တိုင်တွင် ဆွဲ၍ချည်သည်။ ဤနည်းအတိုင်း အောက်ဘက်လေးထောင့်ကိုလည်း ဆွဲချည်ထားသော လှောင်ကန်ဖြစ်သည်။ စိုက်ထားသောဝါးလုံးသည် လှောင်ကန်ထက် တစ်တောင်ခန့် မြင့်ထားရသည်။

အထက်ပါလှောင်ကန်များတွင် မျိုးဖောက်မည့် ငါးကြီးများကို အထီးအမခွဲခြား၍ သားဖောက်မည့်ဆဲဆဲတွင် ခေတ္တလှောင်ထားရပါသည်။

## ၂။ မျိုးပွားကန်

အချို့က ငါးသားဖောက်မျိုးပွားရန်ကန်ကို သားပေါက်ကန်၊ မိတ်လိုက်ကန် ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ငါးထီးနှင့် ငါးမ အလွယ်တကူ ထိတွေ့နိုင် ရန်အတွက် မျိုးပွားကန်သည် သေးငယ်ဖို့လို၏။ထောင့်မှန်စတုဂံပုံရှိသင့်သည်။ ရွှေဝါငါးကြင်းမျိုးပွားရန် သုံး၏။

ကန်၏ဧရိယာစတုရန်းပေအကျယ်မှာ ၁၇၂ စတုရန်းပေမှ ၄၃၀ စတုရန်းပေ သို့မဟုတ် ပျမ်းမျှအလျား ၁၇ ပေ၊ အနံ ၁၀ ပေမှ အလျား ၃၀ ပေ၊ အနံ ၁၅ ပေအတွင်း ကန်ငယ်ကလေးများ ဖြစ်ရပါမည်။ရေအနက်မှာ ၂ပေ မှ ၃ပေ အနက်အထိ ရှိရပါမည်။

ကန်အောက်မြေသည် မြေမာဖြစ်ပြီး ရွှံ့ညွန်များ မရှိစေရပါ။ဖြစ်နိုင်လျှင် ကန်ထဲတွင် ငါးများမိတ်လိုက်၍ ပြေးလွှားကြသည့်အခါတွင် ရေနောက်မလာစေရန် ကန်အောက်ခြေတွင် အမှိုက်များ မရှိစေရပါ။ယင်းသို့ မဖြစ်လျှင် သဲကြမ်းများဖြင့် ဖုံးထားရပါမည်။ကန်အောက်တွင် မြက်ပင်၊ပေါင်းပင်များ မရှိရန် ဆောင်ရွက်ထားဖို့လိုသည်။သို့မဟုတ်ပါက ငါးဥများသည် အထူးပြုလုပ်ထားသော ဥစုကိရိယာထဲသို့ မကျဘဲ ထိုမြက်ပင်သစ်ပင်များတွင် တွယ်ကပ်နေပေလိမ့်မည်။

ကန်ထဲသို့ ထည့်ထားသောရေသည် ရေကြည်ဖြစ်ရမည်။အကယ်၍ ရေနောက်သာရှိနေပြီး ရေကြည်မရခဲ့လျှင် ထိုရေကို အနည်ထိုင်ရေလှောင်ကန်ထဲမှ ဖြတ်သွားစေပြီး ရေသွင်းပေါက်မှ သွင်းရပါမည်။

အထူးပြုလုပ်ထားသော မျိုးပွားကန်များမရှိပါက သင့်လျော်သောကန်မြေနှင့် ရေကောင်းရှိသည့် ကန်ထဲတွင် ငါးလှောင်ခြံများ၊မျိုးပွားလှောင်ကန်များပြုလုပ်၍ သားဖောက်နိုင်ပါသည်။

မျိုးပွားလှောင်ကန်မှာလည်း ဝါးစိုက်ထူပုံ၊ ဇာပိုက်တပ်ဆင်ပုံများမှာ မျိုးငါးကြီးများ အထီးအမ ခွဲခြားပြီး လှောင်ကန်လုပ်ထားသကဲ့သို့ ပြုလုပ်ရပါသည်။ဇာပိုက်ကို ငါးအရွယ်အစားလိုက်၍ ၈ပေ x ၈ပေ x ၃ပေ သို့မဟုတ် သင့်လျော်သည့် အရွယ်အစားဇာပိုက်များကို ချုပ်ရပါသည်။

ဤလှောင်ကန်ချုပ်ရာတွင် ခြင်ထောင်ဇာ သို့မဟုတ် အကွက်စိပ်သော ချည်ဇာဖြင့် ချုပ်ရ၏။ ၎င်းချည်သည် ရေတွင်ပွလာသဖြင့် ချည်ကွက်များ ကျဉ်းလာသောကြောင့် ဥများယိုထွက်ခြင်းမှ တားဆီးနိုင်ပေသည်။

မျိုးပွားကန်၏ အောက်ခြေသည် မာကျောပြီး ကျောက်ခဲများ ပေါ်ပါက ငါးများလှုပ်ရှားသည့်အခါ ထိခိုက်နာကျင်စေတတ်ပါသည်။ဤသို့မဖြစ်ရန် ရေသွင်းပေါက်နားတွင် ရေအနက် လက်မ ၂၀ ခန့်ရှိစေပြီး ရေထုတ်ပေါက်နားတွင် ၂၈ လက်မခန့် ရှိစေရမည်။ဤသို့ ပြုလုပ်ပေးခြင်းဖြင့် ကန်မှ ရေထုတ်ရာတွင် ပိုမိုလွယ်ကူစေပါသည်။

အေးမြသောရာသီဥတုတွင် ကန်ရေသည် အနည်းဆုံး ၁ပေခွဲခန့် ရှိစေရပါမည်။ ရေမသွင်းမီ သား ပေါက်ကန်မြေသည် ဥပေါက်ကန်မြေထက်ပိုမိုခြောက်သွေ့သင့်သည်။အဘယ်ကြောင့်ဆိုသော် သားပေါက်ကန်မြေသည်ပိုမိုမာကျောရန်လိုအပ် သောကြောင့် ဖြစ်သည်။

## ၃။ ဥပေါက်ကန်

ရွှေဝါငါးကြင်းဥများဖြင့် ကပ်နေသည့် ဗေဒါပင်များကို ဆယ်၍ ဥပေါက်ကန်တွင် ဥပေါက်စေကြသည်။ဥပေါက်ကန်တစ်ခု၏ အကျယ်ဧရိယာ

စာ-၁၅ သို့